မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၅ ရက်၊ ၂၀၁၂ ခုနှစ်၊ ဧပြီ ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၅၁)၊ အမှတ် (၁၉၄)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

✳ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ နိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

✳ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ် စိတ်ဓာတ်ဖြစ်သည်။

တောင်သူများ မျိုးကောင်းမျိုးသန့် ပြောင်းလဲစိုက်ပျိုးနိုင်ရန် ဆောင်ရွက်ပေး

စိုက်ပျိုးရေးနည်းပညာ သုတေသနရလဒ်များ လက်တွေ့အသုံးချရေးကူညီ

နေပြည်တော် ဧပြီ ၁၀

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ဧပြီ ၉ ရက် နံနက် ၉ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် လိန်ပင်ကျေးရွာ တောင်သူနည်းပညာပေး ပုလဲသွယ်စပ်မျိုးစပါး တစ်ကွင်းတစ်ဆက်တည်း စံပြဇုန် ၄၅၀ ဧက စိုက်ကွင်း၌ ကျင်းပသည့် ပုလဲသွယ်စပ်မျိုးစပါး ကောက်စိုက်သရုပ်ပြပွဲတွင် ကောက်စိုက်လုံမေများ၏ သိပ္ပံနည်းကျစိုက်နည်းစနစ် (G.A.P)အရ ချက်ချင်းနုတ်၊ ချက်ချင်းစိုက်စနစ်ဖြင့် တပျော်တပါး စိုက်ပျိုးနေမှုများကို ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ကမ္ဘာတွင် စပ်မျိုးစပါးစိုက်ပျိုးထုတ်လုပ်မှုနည်းပညာ အလွန်တွင်ကျယ်နေပြီး တစ်ဧက တင်း ၃၀၀ ထွက်ရှိနေကြောင်း၊ ပြည်တွင်းမှ ရွှေတောင်ခြံနှင့် စိုက်ပျိုးရေးတက္ကသိုလ်တို့မှ ထုတ်လုပ်သောမျိုးများကို သေချာစွာ စနစ်တကျစိုက်ပျိုးပါက တင်း ၂၀၀ အထက် ထွက်ရှိမည်ဖြစ်ကြောင်း၊ စားသုံးမှုအရည်အသွေးနှင့် အထွက်နှုန်းကောင်းမွန်သည့်အတွက် တောင်သူများ မျိုးကောင်းမျိုးသန့် ပြောင်းလဲစိုက်ပျိုးနိုင်ရန် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ အမျိုးမှန်အဖိုးတန် မျိုးကောင်းမျိုးသန့်စိုက်ပြီး ဝင်ငွေတွက်ခြေကိုက်ရန်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဆန်အရည်အသွေးကောင်းမွန်ရန် ခေတ်မီဆန်စက်ကြီးများဖြင့် ကြိတ်ခွဲပြီး ရေရှည်တည်တံ့ခိုင်ခံ့သော ဈေးကွက်ဖြစ်ရန် ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ ဝန်ကြီးဌာနကလည်း စိုက်ပျိုးရေးနည်းပညာ သုတေသနရလဒ်များကို လယ်ကွင်းထဲအရောက် လက်တွေ့အသုံးချရေး ကူညီပေးနေကြောင်း ဆွေးနွေးမှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့်ဇနီး ဒေါ်ခင်သန့်စင်

တို့က ကောက်စိုက်လုံမေများအား ဂုဏ်ပြုချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာများကို ပေးအပ်သည်။

ရွှေဘိုခရိုင် ဝက်လက်မြို့နယ် ကျေးရွာအုပ်စု (၈)အုပ်စုတွင် တောင်သူလယ်သမားများ၏ဆန္ဒအရ တောင်သူပေါင်း ၁၀၉ ဦးက အထူးအထွက်တိုး ပုလဲသွယ်စပ်မျိုးစပါးကို ၁၀၈၀ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း၊ တစ်ဧက တင်း ၂၀၀ အထက် ထွက်ရှိမည့် အထွက်ယှဉ်ပြိုင်စိုက်ကွက်အတွက် ကျေးရွာသုံးရွာမှ တောင်သူပေါင်း ၁၄ ဦးဖြင့် ၂၁ ကွက် စုစုပေါင်း ဧက ၂၁၀ ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် ဝက်လက်မြို့နယ် လိန်ပင်ကျေးရွာ တောင်သူနည်းပညာပေး ပုလဲသွယ်စပ်မျိုးစပါး တစ်ကွင်းတစ်ဆက်တည်း စံပြဇုန် ၄၅၀ ဧက စိုက်ကွင်း၌ ပုလဲသွယ်စပ်မျိုးစပါး ကောက်စိုက်သရုပ်ပြနေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီးမြို့၌

ကရင်အမျိုးသားအစည်းအရုံး(KNU) ဆက်ဆံရေးရုံးဖွင့်လှစ်

နေပြည်တော် ဧပြီ ၁၀

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီးမြို့၌ ဧပြီ ၉ ရက် နံနက်ပိုင်းတွင် ကရင်အမျိုးသားအစည်းအရုံး(KNU) ဆက်ဆံရေးရုံးဖွင့်ပွဲ အခမ်းအနားကျင်းပရာ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဦးအောင်မင်း၊ ဦးစိုးသိန်းနှင့် ဦးခင်ရီ၊ ပဲခူးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးသက်ထွန်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေး

ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဦးအောင်မင်း၊ ဦးစိုးသိန်းနှင့် ဦးခင်ရီ၊ ပဲခူးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီးသက်ထွန်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ကရင်အမျိုးသားအစည်းအရုံး (KNU) မှ အထွေထွေအတွင်း ရေးမှူးချုပ် နော်စီဖိုးရာစိန်၊ ဗိုလ်ချုပ်ကြီးစောမူတူးစေးဖိုး ဦးဆောင်သည့် အဖွဲ့ဝင်များနှင့် နှစ်ဖက်ငြိမ်းချမ်းရေး အကျိုးတော်ဆောင် များ ကရင်အမျိုးသားအစည်းအရုံး(KNU) ဆက်ဆံရေးရုံးအဆောက်အအုံရှေ့၌ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

အသင်းအဖွဲ့ဝင်များနှင့် ဒေသခံမြို့မိမြို့ဖများ၊ ကရင်အမျိုးသားအစည်းအရုံး (KNU)မှ အထွေထွေအတွင်းရေးမှူးချုပ် နော်စီဖိုးရာစိန်၊ ဗိုလ်ချုပ်ကြီးစောမူတူးစေးဖိုး ဦးဆောင်သည့် အဖွဲ့ဝင်များနှင့် နှစ်ဖက်ငြိမ်းချမ်းရေး အကျိုးတော်ဆောင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ တိုင်းဒေသကြီးဝန်ကြီး ဗိုလ်မှူးကြီး သက်ထွန်းနှင့် KNU အထွေထွေအတွင်းရေးမှူးချုပ် နော်စီဖိုးရာစိန်တို့က ဆက်ဆံရေးရုံး အဆောက်အအုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက ကျောက်ကြီးမြို့ရှိ KNU ဆက်ဆံရေးရုံးတွင် အသုံးပြုရန် GRAND TIGER (၁)စီးအား ဗိုလ်ချုပ်ကြီးစောမူတူးစေးဖိုးနှင့်အဖွဲ့ထံသို့ စာရွက်စာတမ်းများနှင့်အတူ လွှဲပြောင်းပေးအပ်ခဲ့ပြီး စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများနှင့် ကရင်အမျိုးသားအစည်းအရုံး (KNU)မှ အဖွဲ့ဝင်များသည် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ရှိ ရွှေဝါထွန်းဟိုတယ်သို့ ရောက်ရှိလာရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဉာဏ်ဝင်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများက ကြိုဆိုကြပြီး ညပိုင်းတွင် ရွှေဝါထွန်းဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံကြသည်။

ဧပြီ (၁၀)ရက် နံနက်ပိုင်းတွင် ပဲခူးမြို့ ရွှေဝါထွန်းဟိုတယ်၌ တိုင်းဒေသကြီးအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ကရင်အမျိုးသားအစည်းအရုံး (KNU) ငြိမ်းချမ်းရေး ဖော်ဆောင်ရေးအဖွဲ့တို့သည် ငြိမ်းချမ်းရေး ဆက်လက်ဖော်ဆောင်နိုင်ရေးကိစ္စ တွေ့ဆုံဆွေးနွေးပွဲကျင်းပရာ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဦးအောင်မင်း၊ ဦးစိုးသိန်းနှင့် ဦးခင်ရီ၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဉာဏ်ဝင်း၊ တိုင်းမှူး ဗိုလ်မှူးချုပ်ညိုစော၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်မှူးကြီးဇော်နိုင်ဦး၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ကရင်တိုင်းရင်းသားရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများ၊ ကရင်အမျိုးသားအစည်းအရုံး(KNU) ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့မှ အဖွဲ့ဝင်များနှင့် နှစ်ဖက်အကျိုးတော်ဆောင်များ တက်ရောက်ကြသည်။

ထို့နောက် အစည်းအဝေးဆုံးဖြတ်ချက် မှတ်တမ်းကို တိုင်းဒေသကြီးဝန်ကြီး ဗိုလ်မှူးကြီး သက်ထွန်းနှင့် ကရင်အမျိုးသားအစည်းအရုံး(KNU) မှ ဗဟိုအမြဲတမ်းကော်မတီဝင် စောသောသီဘွဲ့တို့ အပြန်အလှန်လဲလှယ်ကြသည်။ **စာမျက်နှာ ၈ ကော်လံ ၁** ❐

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၂ ခုနှစ် ဧပြီ ၁၁ ရက်)

သင်္ကြန်အတွေး၊ သင်္ကြန်အသိ

မနက်ဖြန် သင်္ကြန်စ ကြိုပြီ။ အကြိုဆိုတော့ အားလုံးပျော်ကြတော့မည်။ ပျော်ခြင်းကားကောင်း၏။ 'မော်'ခြင်းကား မကောင်း။ မော်ခြင်းကား အပျော်ကျူးခြင်း။ အပျော်ကျူးလျှင် ဘေးတွေ့နိုင်သည်။ သို့ဖြစ်၍ "ပျော်တော့ပျော်၊ မမော်မိစေနဲ့"လို့ အကြံပြုလိုက်ပါရစေ။

ဟုတ်ပ။ မြန်မာ့နှစ်သစ်ကူးပွဲက အခြားနှစ်သစ်ကူးပွဲတွေနှင့်မတူ။ လူကြီး၊ လူငယ်၊ လူလတ် အားလုံးပျော်ကြသည့်ပွဲတော်။ တုဏှီဘာဝေ မတုန်မလှုပ် ထုံတုန်တုန်လူစားများပင် မြူးချင်စိတ်၊ ကချင်စိတ်များဖြစ်တတ်သည်။ ပျော်တတ်ရှင်တတ်သူများဆိုလျှင်တော့ ပျော်စရာ့ ပျော်စရာကြီး။ တကယ့်အပျော်ပွဲတော်ကြီးပင်ဖြစ်၏။ ပျော်သည်ဆိုရာ၌ ရိုးရိုးပျော်သူရှိသလို ဆန်းဆန်းပြားပြားပျော်သူများလည်းရှိ၏။ အဆန်းပျော်သည်ဆိုခြင်းကား အခြားမဟုတ်။ အလွန်အကျွံသောက်စားမူးယစ်၍ ပျော်ခြင်းကိုဆိုခြင်းဖြစ်၏။ အသောက်ကျူး၊ အစားကျူးခြင်းကား မကောင်းပါ။ မိမိပျော်ရွှင်မှုကြောင့် အများကိုထိခိုက်လျှင် ဒီမိုကရေစီမဆန်။ ဒီမိုကရေစီနည်းလမ်းမကျပါ။

ဒီမိုကရေစီသည် လွတ်လပ်၏။ သို့သော် စည်းမဲ့ကမ်းမဲ့မဟုတ်ပါ။ စည်းကမ်းရှိ၏။ ထို့ကြောင့် စည်းကမ်းတကျပျော်ကြမည်။ စည်းကမ်းရှိခြင်းသည် ဒီမိုကရေစီဆန်၏။ သောက်စားမူးယစ်၍ အပျော်ကျူးခြင်း၊ သောက်စားမူးယစ်၍ ယာဉ်မောင်းခြင်း၊ ယာဉ်တစ်စီးနှင့်တစ်စီး ပြိုင်မောင်းခြင်း၊ လုမောင်းခြင်း၊ ခိုက်ရန်ဒေါသဖြစ်ပွားခြင်းတို့သည် စည်းကမ်းမဲ့လုပ်ရပ်ဖြစ်၏။ စည်းကမ်းမဲ့ပျော်ရွှင်ခြင်းကြောင့် ဘေးအန္တရာယ်ဖြစ်စေနိုင်သည်။

သင်္ကြန်တွင်တွေ့ရသည့် မဏ္ဍပ်အချို့သည် အရက်ဘီယာနှင့် ဆေးလိပ်ကြော်ငြာဆိုင်းဘုတ်တပ်မဏ္ဍပ်များအဖြစ်တွေ့ရသည်။ ထိုမဏ္ဍပ်များသည် အရက်မသောက်ရသေးသူများကိုပင် သောက်ဖြစ်အောင်သောက်ရန်ဆွဲဆောင်ပြနေသည်။ အထူးသဖြင့် လမ်းများတစ်လျှောက်တွင် အအေးပုလင်းဗန်းပြပြီး အရက်နှင့်ဘီယာတို့ကိုရောင်းချနေသည့် ပုံကျဆိုင်ငယ်များ အများအပြားတွေ့ရသည်။ ထိုဆိုင်များက လက်ကမ်းကြိုနေမည်မှာ သေချာသည်။ သို့သော် အပျော်မကျူးမိစေရန် အသိဖြင့်ဆင်ခြင်နိုင်ရန် သတိပေးရပါသည်။

ထို့အပြင် သင်္ကြန်တွင်တွေ့ရသည့် အချက်တစ်ချက်မှာ သရုပ်ပျက်ဝတ်စားဆင်ယင်မှုပင်ဖြစ်သည်။ သရုပ်ပျက်ဝတ်စားဆင်ယင်မှုသည် ဟီရိဩတ္တပ္ပတရား ကင်းမဲ့ခြင်းပင်ဖြစ်သည်။ အထူးသဖြင့် အမျိုးသမီးငယ်အချို့တွင် သရုပ်ပျက်ဝတ်စားဆင်ယင်မှုများ တွေ့ရတတ်သည်။ အရှက်တရား၊ အကြောက်တရားကင်းမဲ့၍ ဝတ်စားဆင်ယင်မှုကြောင့် ဖြစ်ပေါ်လာမည့်ပြဿနာများကို ချင့်ချိန်စဉ်းစားသင့်ပေသည်။

တစ်ဖန် သင်္ကြန်တွင်လူငယ်တို့သဘာဝ အတူပျော်ကြရာက မထင်မှတ်သည်များဖြစ်တတ်ကြသည်။ တစ်ဦးနှင့်တစ်ဦး ချစ်ခင်ရင်းနှီးမှုသည်ကောင်းပါသည်။ သို့သော် ရင်းနှီးမှုကိုအကြောင်းပြုပြီး အမြတ်ထုတ်သူများကို သတိပြုသင့်ပေသည်။ အထူးသဖြင့် မိန်းကလေးငယ်များ တံလျှပ်ကိုရေထင် ရွှေသမင်အလိုက်မှားသည့်အဖြစ်မျိုး မကြုံရလေအောင် သတိပြုကြစေလိုပါသည်။

သို့ပါ၍ မနက်ဖြန်သင်္ကြန်စပြီ။ လူတိုင်းပျော်ကြတော့မည်။ ပျော်ရွှင်စွာ နှစ်သစ်ကူးကြမည်။ သို့သော် စည်းကမ်းရှိရမည်။ ကိုယ့်အပျော်ကြောင့် အများမထိခိုက်စေသင့်။ သောက်စားကျူး၍ ယာဉ်မောင်းခြင်းကား မပြုသင့်။ သရုပ်ပျက်ဝတ်စားဆင်ယင်မှုများ သတိပြုသင့် စသည့်သတိပြုသင့်သည်များ သတိပြုမိကြစေရန် အသိပေးတိုက်တွန်းရပါသည်။ မင်္ဂလာအပေါင်းနှင့်ခညောင်းပြည့်စုံလှသည့် မြန်မာ့ရိုးရာနှစ်သစ်ကူး သင်္ကြန်ကာလ အခါသမယတွင် အားလုံးပျော်ရွှင်ချမ်းမြေ့ကြပါစေလို့ ကျွန်ုပ်တို့မြန်မာ့အလင်းက ထပ်လောင်း၍ ဆုမွန်ကောင်းတောင်းလိုက်ပါသည်။ ။

ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်အား အိန္ဒိယနိုင်ငံ ဧည့်သည်အဖွဲ့တွေ့ဆုံ

နေပြည်တော် ဧပြီ ၁၀

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်အား အိန္ဒိယနိုင်ငံ National Council on Skill Development အဖွဲ့မှ Advisor to the Prime Minister of India Mr. Subramaniam Ramadurai ဦးဆောင်သောအဖွဲ့သည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Dr. V.S. Seshadri လိုက်ပါလျက် ယနေ့မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စုဝန်ကြီး၏ဧည့်ခန်းမ၌လာရောက်တွေ့ဆုံ၍**(အပေါ်ပုံ)** အရည်အချင်းပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်ရေးနှင့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ အခန်းကဏ္ဍများတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဒေါက်တာကိုကိုဦးနှင့် မန္တလေးကွန်ပျူတာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမီမီသက်သွင်တို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဧပြီ ၁၀ရက်က ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်နေ လူမှုထူးချွန်ပထမအဆင့် အဂ္ဂမဟာ သီရိသုဓမ္မဇောတရေ ဦးသိန်းဝင်းနှင့်ဇနီး အဂ္ဂမဟာသီရိသုဓမ္မသီဂီ ဒေါ်နီနီ၊ သားသမီးများဖြစ်ကြသော လူမှုထူးချွန် ဒုတိယအဆင့် ဝဏ္ဏကျော်ထင် ဦးကျော်ဝင်း-သီရိသုဓမ္မသီဂီ ဒေါ်နန်းမောက်လောဝ်ဆိုင်၊ ဦးဇော်ဝင်းထွန်း - သီရိသုဓမ္မသီဂီ ဒေါ်စန္ဒာဝင်း၊ ဦးမိုးကျော်သူ -သီရိသုဓမ္မသီဂီ ဒေါ်မြင့်မြင့်ဝင်း၊ ဦးတင်လင်းပြည့်- မရင်ရင်ဝင်းနှင့် မြေးတစ်စု ရွှေသံလွင်ကုမ္ပဏီမိသားစုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်)၌ ဆောက်လုပ်ပြီးစီးပြီဖြစ်သော သံဃာဆေးကုသဆောင်သစ်ကြီးတွင် တပ်ဆင်မည့်ဓာတ်လှေကားအတွက် ဒုတိယအကြိမ် အလှူငွေအမေရိကန်ဒေါ်လာ ၂၈၅၀၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၁)ဦးဝင်းလွင် လက်ခံစဉ်။

(သတင်းစဉ်)

ပေးအပ်လှူဒါန်း

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် ရွှေအုန်းပင်အိမ်ရာနေ တရားလွှတ်တော်ရှေ့နေကြီး ဦးလှမြင့်-ဒေါ်ချိုချိုမိသားစုက တရားလွှတ်တော်ရှေ့နေကြီး ဦးလှမြင့်၏ မွေးနေ့အထိမ်းအမှတ် ထာဝရဆေးပဒေသာပင် အလှူငွေကျပ် တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီး အမှုဆောင်အဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။

(ဘိုးဘွားရိပ်သာ)

မြန်မာ့ရုပ်မြင်သံကြား

၁၁-၄-၂၀၁၂ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ယောဆရာတော်ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်

၇:၃၀ နံနက်ခင်းသတင်း

၈:၃၅ International News

ညပိုင်း

၄:၃၀ ခါသင်္ကြန်အဆိုအကများ

၄:၄၀ အဝေးသင်တက္ကသိုလ် ပညာရေး ပထမနှစ် (ဥပဒေပညာအထူးပြု) (ဥပဒေပညာ)

၆:၀၀ AFC Cup 2012 Group Stage ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (Home ယူနိုက်တက်အသင်း (Singapore) နှင့်ရန်ကုန်ယူနိုက်တက်အသင်း (မြန်မာ))

၈:၀၀ ပြည်တွင်းသတင်း နိုင်ငံတကာသတင်းများ မိုးလေဝသအခြေအနေ

မြန်မာနိုင်ငံအထက်ပိုင်းဒေသများ၌ မိုးဆက်လက်ရွာမည်

နေပြည်တော် ဧပြီ ၁၀

ယနေ့နံနက် ၉ နာရီခွဲအချိန် မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ ချင်းပြည်နယ်နှင့်ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ နေ့အပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် ပြေလ၏ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ဧပြီလ၏ပျမ်းမျှအပူချိန်တို့အောက် ၆ ဒီဂရီစင်တီဂရိတ်လျော့နည်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဧပြီလ၏ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ ထူးခြားသည့် နေ့အပူချိန်များမှာ မင်းဘူးမြို့နှင့် ဇောင်းတူမြို့တို့တွင် ၃၈ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ခန္တီးမြို့တွင် ၀ ဒသမ ၈၃ လက်မ၊ မချမ်းဘောမြို့တွင် ၀ ဒသမ ၇၉ လက်မ၊ မောင်တောမြို့နှင့် ပေါင်မြို့တို့တွင် ၀ ဒသမ ၅၉ လက်မစီတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် အနောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့်ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာမည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့အလင်း ဘဝအမောပြေ

ဒါကြောင့်ပါ

အာကာဟိန်း - ရေးသားသည်

ရဲစခန်းအတွင်းသို့ အမျိုးသားတစ်ဦး အပြေးအလွှားဝင်ရောက်လာပြီး တာဝန်ကျ ရဲတပ်ဖွဲ့ဝင်တစ်ဦးအား စိုးရိမ်တကြီး ပြောလေသည်။

အမျိုးသား ။ ။ ဆရာ…ကျွန်တော့်ကို မြန်မြန်အချုပ်ခန်းထဲ ထည့်ပေးပါ။

ရဲတပ်ဖွဲ့ဝင် ။ ။ ခင်ဗျားက ဘာပြစ်မှုကျူးလွန်ခဲ့လို့လဲ၊ ပြောပါဦး။

အမျိုးသား ။ ။ အိမ်မှာ ကျွန်တော့်ဇနီးကို တုတ်နဲ့ လေးချက်ရိုက်ခဲ့တယ်ဆရာ။

ရဲတပ်ဖွဲ့ဝင် ။ ။ ဟာ. . .ခင်ဗျားတော်တော်ဆိုးတဲ့သူပဲ. . .အခု ဇနီးသည် သေသွားပြီလား။

အမျိုးသား ။ ။ မသေဘူးဆရာ…ကျွန်တော်တုတ်နဲ့ ရိုက်တဲ့ လေးချက်လုံး တစ်ချက်မှမထိဘဲ လွဲသွားတယ်။

ရဲတပ်ဖွဲ့ဝင် ။ ။ ဒါများဗျာ. . .အနှောင့်အယှက်လာပေးနေသေးတယ်။

အမျိုးသား ။ ။ မဟုတ်ဘူးဆရာ‥အခု ကျွန်တော့်ကို ပြန်ရိုက်မယ်ဆိုပြီး နောက်ကလိုက်လာနေလို့ပါ။

ရဲတပ်ဖွဲ့ဝင် ။ ။ "ဗျာ"

ထောက်ပံ့ပေးအပ်

လမ်းမတော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံးဝန်ထမ်းများအား သင်္ကြန်ကာလထောက်ပံ့ငွေနှင့် သတ်မှတ်ဝတ်စုံပေးအပ်ပွဲအခမ်းအနားကို ဧပြီ ၁၀ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဆင့်က ဝန်ထမ်း ၃၂ ဦးအတွက် ထောက်ပံ့ငွေနှင့်ဝတ်စုံစရိတ်စုစုပေါင်း ငွေကျပ် ၉၄၆၀၀၀ ထောက်ပံ့ပေးအပ်စဉ်။

(မြို့နယ် ထွေ/အုပ်)

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး
တက္ကသိုလ်ဝင်စာမေးပွဲ အဖြေလွှာစစ်ဆေးနေမှုများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၁၀

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးသည် မန္တလေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဝင်းလှိုင်၊ အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်)ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးဝင်းနှင့် မန္တလေးတက္ကသိုလ် တာဝန်ခံ ပါမောက္ခချုပ် ဒေါက်တာ ဒေါ်ခင်ဆွေမြင့်တို့နှင့်အတူ ဧပြီ ၉ ရက် နံနက် ၁၁ နာရီတွင် မန္တလေးတက္ကသိုလ်၌ ၂၀၁၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အဖြေလွှာစစ်ဆေးနေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဘာသာရပ်အလိုက် စာစစ်မှူးချုပ်များနှင့် လက်ထောက်စာစစ်မှူးချုပ်များအား တရားမျှတစွာဖြင့် စနစ်တကျစစ်ဆေးကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်သူ့လွှတ်တော် လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်ဆွေအား UNFPA ဌာနေကိုယ်စားလှယ်တွေ့ဆုံ

နေပြည်တော် ဧပြီ ၁၀

ပြည်သူ့လွှတ်တော် လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်ဆွေအား UNFPA ဌာနေကိုယ်စားလှယ် Mr. Mohamed S. Abdel-Ahad သည် ယနေ့ မွန်းလွဲ ၁နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ ပြည်သူ့လွှတ်တော်ကော်မတီ အဆောင်(၁) ညှိနှိုင်းခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် ကျယ်ပြန့်အရေးပါလှသည့် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရာ၌ UNFPA က ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ ကျန်းမာရေးနှင့်လူမှုဖွံ့ဖြိုးတိုးတက်ရေးစောင့်ရှောက်မှု ကိစ္စရပ်များတွင် လူတိုင်းတန်းတူညီမျှ အခွင့်အရေးရရှိစေရန် ဆောင်ရွက်ပေးနိုင်ရေး၊ ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပမည့် အင်ဒိုချိုင်းနား၊ အာရှနှင့်ဒေသတွင်း နိုင်ငံများအကြား HIV ? AIDS ဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲနှင့် တူရကီနိုင်ငံ အစ္စတန်ဘူမြို့၌ကျင်းပမည့် လူဦးရေနှင့်လူမှုဖွံ့ဖြိုးတိုးတက်ရေးညီလာခံတို့သို့ တက်ရောက်ဆွေးနွေးနိုင်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

အပြည်ပြည်ဆိုင်ရာ ဂဟေနည်းပညာပြပွဲသို့ တက်ရောက်ရန် အင်ဂျင်နီယာအသင်း ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ထွက်ခွာ



ရန်ကုန် ဧပြီ ၁၀

ဧပြီ ၁၁ ရက်မှ ၁၃ ရက်အထိ ဂျပန်နိုင်ငံ Osaka မြို့တွင် ကျင်းပမည့် အာရှဂဟေအဖွဲ့ချုပ်အစည်းအဝေးနှင့် အပြည်ပြည်ဆိုင်ရာ ဂဟေနည်းပညာပြပွဲသို့ တက်ရောက်ရန် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းမှ ဒုတိယဥက္ကဋ္ဌ ဦးလင်း ဦးဆောင်၍ အဖွဲ့ဝင်များအဖြစ် ဗဟိုကော်မတီဝင်များဖြစ်ကြသော ဦးလှကြိုင်၊ ဦးတင်မောင်ဝင်း၊ ဦးဖိုးအေးနှင့် လုပ်ငန်းကော်မတီဝင် ဦးအောင်နိုင်သူတို့ အဖွဲ့သည် ဧပြီ ၉ ရက် ညနေပိုင်းတွင် အပြည်ပြည်ဆိုင်ရာ ထိုင်းလေကြောင်းခရီးဖြင့် ဂျပန်နိုင်ငံသို့ ထွက်ခွာသွားရာ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းမှ တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးအုန်းမြင့်က လေဆိပ်သို့ လိုက်ပါပို့ဆောင်ကြသည်။

အဆိုပါ အဖွဲ့သည် အစည်းအဝေးပြီးပါက ဂျပန်နိုင်ငံ JFE Engineering Co.,Ltd. တွင် ဂဟေသင်တန်းတက်ရောက်လျက်ရှိသော မြန်မာသင်တန်းသားများအား တွေ့ဆုံရန် JFE အလုပ်ရုံများသို့ သွားရောက်လေ့လာကြမည်ဖြစ်ကြောင်း သိရှိရသည်။

(မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း)

ဧပြီ ၇ ရက်က ရေတာရှည်မြို့နယ် ဘိုးဘွားရိပ်သာ ဇီဝိတဒါနဆေးခန်း ဆောက်လုပ်ရန် ရေတာရှည်မြို့ (၃)ရပ်ကွက်နေ ကိုအောင်ကျော်ဦး-မဝင်းဝင်းစိုးတို့က မင်္ဂလာဦးအလှူ တော်ငွေကျပ် တစ်သိန်းကို ဥက္ကဋ္ဌဦးမြင့်မိုးထံ ပေးအပ်လှူဒါန်းစဉ်။

(မြန်မာ့အလင်း)

အပူဒဏ်အန္တရာယ်ကာကွယ်ရေး နှိုးဆော်ချက်

ယခုအခါ နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတု ပူပြင်းလာပြီဖြစ်သည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိရေနှင့် ဓာတ်ဆားများ ဆုံးရှုံးမှု များပြားသည်။ ထိုသို့ဆုံးရှုံးမှုကြောင့် မိတ်နှင့်ယားဖုများ ထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်သည်။

လိုက်နာဆောင်ရွက်ရန် -

သို့ဖြစ်၍ အပူဒဏ်ကြောင့် မလိုလားအပ်သောအကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြရန် နှိုးဆော်အပ်ပါသည်-

(၁) နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ် စသည်တို့တွင် ရေချိုးခြင်းမှ ရှောင်ကြဉ်၍ အရိပ်ရအေးမြသောနေရာများတွင် နေပါ။

(၂) နေပူထဲမှ ပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။

(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။

(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာ ခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။

(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာရရှိနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းပါ။

(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။

(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။

(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆား ဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။

(၉) ကိုယ်အပူရှိန်တက်ပါက ရေအေးဖတ် နိုင်နိုင်တိုက်ပါ။

(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့်သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသော နေရာမျိုး၌ နားနေပါ။

(၁၁) မိတ်ဖုယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။

(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်လျှင် ဆေးရုံအရောက်နောက်ကျပါက အသက်ဆုံးရှုံးနိုင်သဖြင့် ဆေးရုံသို့ အမြန်ဆုံးပြသကြရန် နှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

တောင်ဥက္ကလာပမြို့နယ် (၁၀)ရပ်ကွက်ဈေး မီးလောင်ခြင်းဆေးခွေထွန်းအိပ်စက်ရာမှ စတင်ခြင်းဖြစ်

ရန်ကုန် ဧပြီ ၁၀

ဧပြီ ၁၀ ရက် နံနက်က ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် (၁၀)ရပ်ကွက် မေတ္တာလမ်း ဟေမဝန်ဈေးတွင် မီးလောင်မှုဖြစ်ပွားခဲ့သည်။ **(အောက်ပုံ)** မီးမှာ နံနက် ၁ နာရီ မိနစ် ၂၀ တွင် စတင်လောင်ကျွမ်းပြီး နံနက် ၂ နာရီ ၃၈ မိနစ်တွင် မီးညွန့်ကျိုးသွားခဲ့သည်။ နံနက် ၂ နာရီ ၅၅ မိနစ်တွင် မီးလုံးဝငြိမ်းသွားခဲ့သည်။

မီးလောင်မှုကြောင့် ဟေမဝန်ဈေးရှိ စုစုပေါင်းဈေးရုံ သုံးရုံမှ ဆိုင်ခန်းပေါင်း ၁၂၀၀ ကျော် မီးလောင်ခဲ့သည်။ မီးလောင်ရာသို့ မီးသတ်ယာဉ် ၄၃ စီး၊ အထောက်အကူပြုယာဉ် ခြောက်စီး၊ မိတ်ဖက်ရေသယ်ယာဉ် ငါးစီး၊ အုပ်ချုပ်မှုယာဉ် ကိုးစီး စုစုပေါင်း ၆၃ စီး ရောက်ရှိငြိမ်းသတ်ခဲ့ကြသည်။

မီးလောင်ရခြင်းအကြောင်းအရင်းမှာ ဈေးရုံအမှတ်(၂)နှင့် ဈေးရုံအမှတ်(၃)ကြားတွင် ညစောင့်ဝန်ထမ်းက ခြင်ဆေးခွေထွန်းအိပ်ရာမှ စတင်မီးလောင်ခြင်းဖြစ်ကြောင်း သက်ဆိုင်ရာမှတစ်ဆင့် သိရှိရသည်။

(ဝ၂၃)

ယဉ်ကျေးမှုနှင့်အလှဆင်၊ ကုသိုလ်ယူတတ်ကြစေချင်

မန်းခင်ခင်

ပိတောက်တွေရွှေရည်လူးသည့် နှစ်သစ်ဦးကာလသို့ မကြာမီရောက်ရှိတော့မည်။ ပိတောက်ဖူးတွေနှင့်အတူ တန်ခူးလ အတာသင်္ကြန်ပွဲတော်ကို နွှဲပျော်ကြရတော့မည်မို့ မြန်မာပြည်သူပြည်သားအားလုံး ရွှင်မြူးကြည်နူးနေကြသော ကာလလည်း ဖြစ်ပေသည်။

အမှန်တော့ သင်္ကြန်ကာလအခါသမယသည် နှစ်ဟောင်းက အညစ်အကြေးကို ဆေးကြောသုတ်သင်သည့်သဘော၊ နှစ်သစ်ကာလကို စိတ်သစ်လူသစ်နှင့် ကြိုဆိုသည့်သဘော၊ တစ်ဦးကိုတစ်ဦး အေးချမ်းစေလိုသည့်သဘောပင်ဖြစ်ပါသည်။ သို့ဖြစ်၍လည်း ရှေးအစဉ်အဆက်ကတည်းက သပြေခက်နှင့် ရေပက်ကစားကြခြင်း ဖြစ်ပါသည်။

တစ်နှစ်တာအတွင်း မကောင်းတာတွေ၊ ညံ့တာတွေရှိခဲ့ပါက ပြေပျောက်စေရန်အတွက် သင်္ကြန်ရေနှင့်အတူ မေတ္တာမိုး၊ ကရုဏာမိုး၊ စေတနာမိုးများ သွန်းဖြိုးရွာစွေ ကြဖြန့်ဝေခြင်းသည် မြန်မာလူမျိုးတို့၏ မွန်မြတ်လှသော အစဉ်အလာ ရိုးရာဓလေ့ပင် ဖြစ်ပါသည်။

ဤကဲ့သို့ မွန်မြတ်လှသော မြန်မာ့နှစ်သစ်ဦးကာလ မင်္ဂလာရှိသောကာလကို ပို၍ ပို၍သာ လှစေချင်ပါသည်။ ပို၍ပို၍သာ မင်္ဂလာရှိစေချင်ပါသည်။ ထိုသို့ ပို၍လှ ပို၍မင်္ဂလာရှိဖို့ကတော့ မြန်မာလူမျိုးတိုင်း မြန်မာ့ယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်ဖို့က အဓိကဖြစ်ပါသည်။

ပျော်ရွှင်မှုဆိုတာ တစ်ယောက်တည်းပျော်ရရုံဖြင့် ပျော်ရွှင်မှုမဖြစ်နိုင်ပါ။ အများနှင့် စုပေါင်းဆင်နွှဲရသည်မို့ အများပျော်မှ ပျော်ရွှင်မှုအစစ်အမှန် ဖြစ်နိုင်ပါသည်။ ကိုယ်ပျော်ရွှင်ရဖို့အတွက်နှင့် သူတစ်ပါးစိတ်အနှောင့်အယှက်ဖြစ်စေမည်ဆိုလျှင် ပျော်ရွှင်မှု မဖြစ်နိုင်တော့ပါ။ ထို့ကြောင့် သင်္ကြန်ရေကစားကြသည့် နှစ်သစ်ကူးပွဲတော်ကြီးမှာ ယဉ်ကျေးမှုရှိကြဖို့ အထူးလိုပါသည်။ တစ်ဦးကိုတစ်ဦး လေးလေးစားစားနှုတ်ဆက်၊ လေးလေးစားစား ဆက်ဆံခြင်းအားဖြင့် မိမိကိုယ်ကိုယ်လည်း စောင့်ရှောက်ရာရောက်သလို သူတစ်ပါးကိုလည်း စောင့်ရှောက်ပြီးသားဖြစ်ပါလိမ့်မည်။

ဤနေရာ၌ ခေတ်ကာလနှင့်ပတ်သက်သော ဝတ်စားဆင်ယင်မှုလေးကို အနည်းငယ်တင်ပြချင်ပါသည်။ ကျွန်မတို့ မြန်မာများသည် ရှေးယခင်ကတည်းက အလွန်အရှက်အကြောက်ကြီးမားသော၊ ဟီရိဩတ္တပ္ပတရားနှင့် ပြည့်စုံသော လူမျိုးဖြစ်ပါ သည်။ ကိုယ်ပိုင်ယဉ်ကျေးမှု ကိုယ်ပိုင်ရိုးရာဓလေ့နှင့် ပြည့်စုံသောလူမျိုးဖြစ်ပါသည်။ ယနေ့ခေတ်က ကမ္ဘာကြီးသည် ရွာကြီးတစ်ရွာလို ကူးသန်းဆက်သွယ်မှုတွေ လျင်မြန်လွယ်ကူလာပြီဆိုတော့ သူ့ယဉ်ကျေးမှု၊ ကိုယ့်ယဉ်ကျေးမှုတွေ အပြန်အလှန် ထိုးဖောက်ဝင်ရောက်လာကြပြီ ဖြစ်ပါသည်။

အမြင်မတော်တဲ့၊ မကောင်းတဲ့၊ အရှက်မလုံတဲ့ ဝတ်စားဆင်ယင်မှုမျိုးကို မိန်းကလေး ယောကျ်ားလေး မည်သူမှ အတုမယူ၊ အတုမခိုးသင့်ပါ။ ယိုသူမရှက် မြင်သူရှက်ဆိုတဲ့စကား အရှိသားမဟုတ်လား။ ကျွန်မတို့ မြန်မာပြည်သားတွေ မဆင်းရဲကြပါ။ အားလုံး သူ့အဆင့်နှင့်သူ ဝတ်နိုင်စားနိုင် အလှဆင်နိုင်ကြပါသည်။ သို့သော်လည်း ဝတ်တဲ့ဆင်တဲ့နေရာမှာ အမြင်မတော်အောင် ပြတ်-ပွဲ့-တို-ကွဲ-စုတ်မြှာစွာနှင့် မသတီစရာ ဝတ်စားဆင်ယင်မှုတွေကိုတော့ အားမကျစေချင်ပါ။ မတုပစေချင်ပါ။ မိမိ၏တန်ဖိုးကို လျှော့ပါးစေတဲ့ ဝတ်စားဆင်ယင်မှုမျိုးဖြစ်၍ အတတ်နိုင်ဆုံး ရှောင်ရှားကြစေချင်ပါသည်။

ထိုကဲ့သို့သော မယဉ်ကျေးသည့် ဝတ်စားဆင်ယင်မှုကို ရှောင်ရှားခြင်းသည်ပင် ယဉ်ကျေးမှုကို မြတ်နိုးခြင်းမည်ပါသည်။ အလားတူပဲ ဖရုသဝါစာ ညစ်ညမ်းသောစကားများ မပြောမဆိုဘဲ ကောင်းမွန်သောစကားများကို ပြောဆိုခြင်းသည် ယဉ်ကျေးမှုကို စောင့်ထိန်းခြင်းမည်ပါသည်။

သင်္ကြန်ပွဲတော်ကာလမှာ အမျိုးသမီးလေးများလည်း လုံလုံခြုံခြုံ ယဉ်ယဉ်ကျေးကျေး ရေကစားကြစေချင်သည်။ အမျိုးသားများကလည်း ကိုယ်အမူအရာ နှုတ်အမူအရာ စောင့်ထိန်း၍ ယဉ်ယဉ်ကျေးကျေး ရေကစားကြစေချင်သည်။ သက်ရွယ်ကြီးရင့်သူများကိုတွေ့လျှင် “ဦးကြီးနေကောင်းပါစေ” “ဒေါ်ကြီးနေကောင်းပါစေ” စသည်ဖြင့် ပျော်ရွှင်စွာ ရေကစားရမည့်အစား “ယောက္ခမကြီး၊ မြေးတွေကိုမထိန်းဘဲ လျှောက်လည်နေရသလား” “ဟိုအဖိုးကြီး သိပ်မကဲနဲ့နော်”စသည်ဖြင့် တစ်ဖက်သားကို မခံချင်အောင် ပြောင်နောက်ပြောဆိုခြင်းသည် ယဉ်ကျေးမှုရှိသည်ဟု မခေါ်ဆိုနိုင်ပေ။

သို့ဖြစ်၍ မြန်မာ့နှစ်သစ်ဦးကာလမှာ ကောင်းတာတွေး၊ ကောင်းတာကြံပြီး မြန်မာ့ယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်ခြင်းဖြင့် ကုသိုလ်ယူတတ်ကြစေချင်ပါသည်။ မိမိသည် အများပြည်သူထဲမှ လူတစ်ဦးတစ်ယောက်သာဖြစ်သည်။ မိမိတစ်ဦးတည်း ပျော်ရွှင်မှုအတွက် အများပြည်သူကို စိတ်အနှောင့်အယှက် မဖြစ်ရလေအောင် အဆင့်အတန်းမြင့်မြင့် မင်္ဂလာကျက်သရေရှိသော စိတ်ကောင်းစိတ်မြတ်များ မွေးမြူထားရှိနိုင်ကြပါစေ၊ မေတ္တာအလှတွေနဲ့ ခေတ်ကာလကို တိုးတက်အောင် မြှင့်တင်နိုင်ကြပါစေဟု ဆုမွန်ကောင်းတောင်းလိုက်ရပါသည်။

ခေတ်ဆိုသည်မှာ အချိန်ပါ
ရုပ် နာမ် ကောင်ထည် မရှိပါ။
လူတို့သည်သာ ဖန်တီးကြ
ခေတ်ရဲ့ သဘာဝ။
သူ့ကာလနှင့် သူ့ခေတ်မှာ
အလှဟူသည် ရှိမြဲပါ။
သို့ပါသော်လည်း သတိပြု
ရိုးရာယဉ်ကျေးမှု။
ယဉ်ကျေးမှုနှင့် အလှဆင်
အားလုံး စိတ်ပျော်ရွှင်။
အမြင်အကြား တင့်တယ်က
ကောင်းမှုကုသိုလ်ရ။ ။

သင်္ကြန်မြင်ကွင်းသတင်းများ ပေးပို့နိုင်

နေပြည်တော် ဧပြီ ၁၀

နိုင်ငံတစ်ဝန်း မဟာသင်္ကြန်ပွဲတော် ပျော်ရွှင်စွာ ဆင်နွှဲကြပုံ မြင်ကွင်းအဖုံဖုံကို မြန်မာ့အလင်းသတင်းစာတွင် ဝေဝေဆာဆာဖော်ပြသွားမည်ဖြစ်ရာ မြို့နယ်သတင်းထောက်များသည် သတင်းထောက်အမှတ်များ ဖော်ပြ၍လည်းကောင်း၊ သင်္ကြန်ချစ်သူများသည် အမည်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ဆက်သွယ်ရန်တယ်လီဖုန်းအမှတ်ရှိက ဖော်ပြ၍ လည်းကောင်း မိမိတို့မြို့နယ်များအတွင်း မဟာသင်္ကြန်ပွဲတော် ဆင်နွှဲပုံသတင်း၊ ဓာတ်ပုံများကို မြန်မာ့အလင်းသတင်းစာတိုက် အီးမေးလိပ်စာ mmalin.npt@ gmail.com နှင့် ဖက်စ် ၀၆၇-၃၆၁၀၄၆ တို့သို့ ပေးပို့နိုင်ကြပါသည်။

(စာတည်းအဖွဲ့)

နောက်ဆုံးရ နိုင်ငံတကာသတင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

မိုးမြင့်လင်းလက် - စုစည်းသည်

ရုရှားလုပ်အမ်အိုင်-၃၅ အမ် စစ်ရဟတ်ယာဉ်များ အဇာဘိုင်ဂျန်သို့ပေးပို့

ဘာကူ ဧပြီ ၁၀

ရုရှားလုပ်အမ်အိုင်-၃၅ အမ်စစ်ဘက်ရဟတ်ယာဉ်နှစ်စင်းကို အဇာဘိုင်ဂျန်မြို့တော် ဘာကူမြို့ရှိ စစ်ဘက်ဆိုင်ရာသို့ ပေးအပ်လိုက်ပြီဖြစ်ကြောင်း အဇာဘိုင်ဂျန်နိုင်ငံ မီဒီယာများက ဧပြီ ၁၀ ရက်တွင် ဖော်ပြသည်။

အဆိုပါ ရဟတ်ယာဉ်များသည် ကုန်တန်ချိန် အများအပြားကို ခရီးဝေးမောင်းနှင်ပျံသန်းနိုင်ကာ စစ်ဆင်ရေးများတွင် စွမ်းရည်မြင့်မားစွာ ပါဝင်အထောက်အကူပေးနိုင်ကြောင်း၊ ရုရှားနိုင်ငံ ရော့စ်တော့ဗ် အွန်ဒွန်စစ်အခြေစိုက်စခန်းမှ ထွက်ခွာပျံသန်းသွားခြင်းဖြစ်ကြောင်း ရုရှားအရာရှိများက ပြောကြားသည်။

ရုရှားနိုင်ငံသည် အဇာဘိုင်ဂျန်နိုင်ငံသို့ အမ်အိုင်-၃၅ အမ်အမျိုးအစား စစ်ဘက်ရဟတ်ယာဉ် ၂၄ စင်းကို ပေးပို့ရမည်ဖြစ်သည်။ အဇာဘိုင်ဂျန်နိုင်ငံက ယင်းရဟတ်ယာဉ်များကို အမေရိကန်ဒေါ်လာ သန်း ၃၆၀ ဖြင့် ဝယ်ယူထားခြင်းဖြစ်သည်။

ထိုသို့ ဝယ်ယူထားမှုအရ ပထမဆုံးအနေဖြင့် ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်က အမ်အိုင်-၃၅ အမ်ရဟတ်ယာဉ် လေးစင်းပေးပို့ထားပြီး ဖြစ်သည်။ ၎င်းရဟတ်ယာဉ်များတွင် တင့်ကားပစ်ဒုံးကျည်များ၊ စက်သေနတ်များနှင့် ဗုံးများပါရှိရာ တိုက်ခိုက်ရေးတွင်လည်း အသုံးပြုနိုင်သည်။ **(အင်တာနက်)**

အမေရိကန်အမျိုးသားတစ်ဦး၏ နှလုံး၌ လေးလက်မအရှည်ရှိ အိမ်ရိုက်သံစိုက်ဝင်မှု ခွဲစိတ်ဖယ်ရှားနိုင်

ကမ်ဒန် ဧပြီ ၁၀

အမေရိကန်နိုင်ငံ နယူးဂျာစီပြည်နယ် ကမ်ဒန်မြို့သား အမျိုးသားတစ်ဦးသည် အလုပ်လုပ်နေစဉ် မတော်တဆမှုကြောင့် ၎င်း၏နှလုံးအတွင်း လေးလက်မအရှည်ရှိသည့် အိမ်ရိုက်သံတစ်ချောင်းစူးနစ်ဝင်ရောက်သွားခဲ့ရာ အရေးပေါ်ခွဲစိတ်ဖယ်ရှားခဲ့ရကြောင်း ဧပြီ ၁၀ ရက်တွင် သတင်းထုတ်ပြန်သည်။ **(အပေါ်ပုံ)**

စိုက်နေခဲ့

အဆောက်အအုံဆောက်လုပ်ရေးလုပ်ငန်းမှ ဝန်ထမ်းတစ်ဦးဖြစ်သူ အသက် ၅၂ နှစ်အရွယ် ဒင်းနစ်ဟန်နစ်အမည်ရှိ အမျိုးသားသည် ၎င်း၏အိမ်နီးချင်း အိမ်ခေါင်မိုးပေါ်တွင်သံရိုက်ပစ်စက်ဖြင့် အလုပ်လုပ်နေစဉ် မတော်တဆမှုကြောင့် အိမ်ရိုက်သံမှာ ၎င်း၏ ရင်ဘတ်ကိုဖောက်ထွင်းပြီး နှလုံးတွင် စိုက်နေခဲ့ခြင်းဖြစ်သည်။

အဆိုပါ အိမ်ရိုက်သံသည် သူ၏နှလုံးညာဘက်ခြမ်းသို့ စိုက်ဝင်သွားခဲ့ခြင်းဖြစ်သည်။ ၎င်းသံအား ခွဲစိတ်ဖယ်ရှားပေးနိုင်ခဲ့ခြင်းအတွက် မိမိသည် ထီပေါက်သလို ဝမ်းမြောက်ဝမ်းသာဖြစ်ရကြောင်း မစ္စတာဟန်နစ်က ခွဲစိတ်ဖယ်ရှားပေးခဲ့သည့် ဒေါက်တာမိုက်ကယ်ရိုဆန်ဘလွန်းအား ပြောပြခဲ့သည်။

ခွဲစိတ်ဖယ်ရှား

ထိုသို့ မတော်တဆမှုဖြစ်ပွားပြီးနောက် ၎င်းအား ရဟတ်ယာဉ်ဖြင့် တင်ဆောင်ကာ ကမ်ဒန်မြို့ ဆေးရုံသို့တင်ပို့ပြီး ခွဲစိတ်ဖယ်ရှားမှုပြုလုပ်ခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

ဂရိနိုင်ငံ၌ ရှေးဟောင်းရုပ်တုအတုတစ်ခုအား လိမ်ညာရောင်းသူနှစ်ဦး ဖမ်းဆီးခံရ

အေသင် ဧပြီ ၁၀

ဂရိနိုင်ငံ အေသင်မြို့အနောက်မြောက်ပိုင်းရှိ သိုးမွေးမြူရေးခြံတစ်ခြံအတွင်း မြေအောက်မှတွေ့ရှိရသည့် ရှေးဟောင်း ဂရိရုပ်တုတစ်ခု **(ဝဲပုံ)**မှာ အတုဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ၎င်းရုပ်တုအား လိမ်လည်ရောင်းချရန် ကြိုးစားခဲ့သူနှစ်ဦးအား ဖမ်းဆီးလိုက်ပြီဖြစ်ကြောင်း အေသင်မြို့ရဲတပ်ဖွဲ့က ဧပြီ ၁၀ ရက်တွင် ပြောကြားသည်။

ဂရိနိုင်ငံ ယဉ်ကျေးမှုဝန်ကြီးဌာနမှ ရှေးဟောင်းသုတေသနပညာရှင်များက ကနဦးစစ်ဆေးခဲ့ရာတွင် လွန်ခဲ့သည့် ဘီစီ ၆ ရာစုခန့်က ပြုလုပ်ခဲ့သော ရှေးခေတ်အမျိုးသမီးတစ်ဦး၏ရုပ်တုအဖြစ် ထင်မှတ်ခဲ့သည်။

တွေ့ရှိခဲ့

သို့သော် ယခုအခါ ၎င်းရုပ်တုကို အနီးကပ်အသေးစိတ်လေ့လာခဲ့ရာ ရုပ်တု၏ကိုယ်ထည်တွင် အဖောင်း၊ အရစ်၊ ရုပ်လုံးကြွထုဆစ်မှုလက်ရာများမှာ မူလရှေးဟောင်းရုပ်တုမဟုတ်ဘဲ အတုတစ်ခုသာဖြစ်ကြောင်း သုတေသနပညာရှင်များက တွေ့ရှိခဲ့ကြသည်။ အမြင့်လေးပေရှိသော ၎င်းရုပ်တုအတုကို အဆိုပါ အမျိုးသားနှစ်ဦးတို့က ယူရို ၅၀၀၀၀၀ခန့်ဖြင့် လိမ်လည်ရောင်းချရန်ကြိုးစားခဲ့သဖြင့် ရဲတပ်ဖွဲ့က ဖမ်းဆီးထားပြီဖြစ်ကြောင်း သတင်း၌ဖော်ပြသည်။ **(အင်တာနက်)**

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း တိုက်ပွဲများဖြစ်ပွား လေးဦးသေဆုံး စာသင်ကျောင်းဖြိုချခံရ

အစ္စလမ္မာဘတ် ဧပြီ ၁၀

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း အာဖဂန်နစ္စတန်နိုင်ငံ နယ်စပ်အနီးတွင် အမည်မသိအကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုကြောင့် အနည်းဆုံး ပါကစ္စတန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးကြောင်း အင်တာနက်သတင်းတွင်ဖော်ပြပါရှိသည်။

လူမျိုးစုများနေထိုင်ရာ အောက်ကူရမ်ဒေသ ခါပီယန်ဂါရှိ လုံခြုံရေးစစ်ဆေးရေးဂိတ်ကို အကြမ်းဖက်သမား ၂၀ ကျော်တို့ ဧပြီ ၉ ရက် ညနေကတိုက်ခိုက်ကြောင်း စစ်ဘက်အရာရှိတစ်ဦးက ပြောကြားသည်။

သေဆုံး

ယင်းသို့အကြမ်းဖက်သမားများက တိုက်ခိုက်လာသဖြင့် တိုက်ပွဲဖြစ်ပွားရာတွင် အကြမ်းဖက်သမားလေးဦးသေဆုံးသွားသည်။ ယင်းနောက် အကြမ်းဖက်သမားများ ထွက်ပြေးကြသဖြင့် မည်မျှဒဏ်ရာရရှိသွားကြသည်ကိုမူ မသိရသေးကြောင်း အဆိုပါအရာရှိက ပြောကြားသည်။

ဖောက်ခွဲဖျက်ဆီး

ထို့အပြင် ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း တာလီဘန်တို့ကို အစိုးရတပ်ဖွဲ့ဝင်များက တိုက်ခိုက်နေသည့် မိုမန် လူမျိုးစုဒေသ လာကာရှိအရပ်ရှိ ပြည်သူပိုင် မူလတန်းကျောင်းတစ်ကျောင်းကို ဧပြီ ၇ ရက် နံနက်ပိုင်းက ဒိုင်းနမိုင်းများမြှုပ်ကာ အကြမ်းဖက်သမားများက ဖောက်ခွဲဖျက်ဆီးပစ်လိုက်သည်။

ယင်းသို့ ဖောက်ခွဲစဉ် စာသင်ကျောင်းအတွင်း မည်သူမျှမရှိသဖြင့် ထိခိုက်ဒဏ်ရာရ၊ သေဆုံးမှုမရှိကြောင်း သိရသည်။ ထိုဒေသ၌ သုံးနှစ်အတွင်း အကြမ်းဖက်သမားတို့ ဖျက်ဆီးပစ်သည့် အစိုးရစာသင်ကျောင်း ၉၂ ကျောင်းရှိသည်ဟု သိရသည်။ **(အင်တာနက်)**

ဗြိတိန်ဝန်ကြီးချုပ် ဒေးဗစ်ကင်းမရွန်း အာရှနှင့်အရှေ့တောင်အာရှခရီးစတင်

တိုကျို ဧပြီ ၁၀

ဗြိတိန်ဝန်ကြီးချုပ် ဒေးဗစ်ကင်းမရွန်းသည် ဗြိတိန်နိုင်ငံနှင့် ကုန်သွယ်ရေးမြှင့်တင်ရန်ရည်ရွယ်လျက် အရှေ့နှင့်အရှေ့တောင်အာရှခရီးစဉ်ကို စတင်လိုက်ပြီဖြစ်ကြောင်း ဧပြီ ၁၀ ရက်က သတင်းဖော်ပြသည်။ **(ဝဲပုံ)**

ဖော်ပြ

ဒေးဗစ်ကင်းမရွန်းသည် ပထမဆုံးအကြိမ်အဖြစ် နှစ်နိုင်ငံလက်နက်ကဏ္ဍဖွံ့ဖြိုးရေးအတွက် ဂျပန်နိုင်ငံနှင့် ကာကွယ်ရေးစာချုပ်သစ်တစ်ရပ်လည်း ချုပ်ဆိုလိမ့်မည်ဟု မျှော်လင့်ရကြောင်း သတင်းဖော်ပြသည်။

ဗြိတိန်ဝန်ကြီးချုပ်က သူ၏ခရီးစဉ်တွင် စီးပွားရေးလုပ်ငန်းရှင်များ လေယာဉ်စင်းလုံးပြည့်ခေါ်ယူသွားရေးလည်းပါဝင်ကြောင်း လေဆိပ်မှ မထွက်ခွာမီ သတင်းထောက်များအား ပြောကြားသည်။

ရွှေ့ဆိုင်းခဲ့ရ

မစ္စတာကင်းမရွန်းသည် သူ၏ခရီးစဉ်အစိတ်အပိုင်းအဖြစ် ယခုသီတင်းပတ်အတွင်း အရှေ့တောင်အာရှနိုင်ငံများသို့ သွားရောက်လည်ပတ်လိမ့်မည်ဟု မျှော်လင့်ရသည်။ ၎င်းသည် ပြီးခဲ့သည့်နှစ်က ဂျပန်နိုင်ငံသို့ သွားရောက်ရန် စီစဉ်ပြီးခါမှ ယူရိုဇုန်ငွေကြေး အကျပ်အတည်းကြောင့် ရွှေ့ဆိုင်းခဲ့ရသည်ဟုဆို၏။

ဗြိတိန်ဝန်ကြီးချုပ်သည် ဂျပန်နိုင်ငံသို့ ရောက်ရှိနေစဉ်အတွင်း ဂျပန်ဝန်ကြီးချုပ် ယိုရှိဟီကိုနိုဒါနှင့် တွေ့ဆုံ၍ စီးပွားရေးကိစ္စများ ဆွေးနွေးဖွယ်ရှိသည်။ ထို့အပြင် ဂျပန်နန်းတော်၌ ဂျပန်ဘုရင်အကီဟီတိုနှင့်လည်း တွေ့ဆုံမည်ဖြစ်သည်။

ထိုမှဆက်လက်၍ ယိုကိုဟားမားရှိ နစ်ဆန်းကားထုတ်လုပ်ရေးစက်ရုံသို့လည်း သွားရောက်ဖွယ်ရှိသည်။ နစ်ဆန်းမှ အလုပ်အကိုင် ၁၀၀၀ ဖန်တီးပေးမည့် ကားထုတ်လုပ်ရေးစက်ရုံတစ်ရုံကို ဗြိတိန်နိုင်ငံ ဆန်းဒါးလန်းမြို့၌ တည်ဆောက်နိုင်မည်ဟုမျှော်လင့်ထားသည်။ ဗြိတိန်အစိုးရက ၎င်းနိုင်ငံတွင် ဂျပန်ရင်းနှီးမြှုပ်နှံမှုကို ပေါင်သန်း ၂၀၀ အထိရောက်ရှိရန် မျှော်လင့်ထားသည်။ **(အင်တာနက်)**

အာဖဂန်နစ္စတန် ဟီရိတ်ပြည်နယ်အတွင်း၌ သေဆုံးသူများပြားသော အသေခံဗုံးခွဲမှုဖြစ်ပွား

ကဘူးလ် ဧပြီ ၁၀

အာဖဂန်နစ္စတန်အနောက်ပိုင်း ဟီရိတ်ပြည်နယ်အတွင်း၌ ဧပြီ ၁၀ရက်က အသေခံဗုံးခွဲမှုတစ်ရပ် ဖြစ်ပွားရာတွင် သေဆုံးသူကိုးဦးရှိခဲ့ကြောင်း အင်တာနက်သတင်းတစ်ရပ်၌ ဖော်ပြသည်။

ပစ်မှတ်ထားဖောက်ခွဲ

ယင်းဖောက်ခွဲတိုက်ခိုက်မှုသည် ဂူကာရာခရိုင်အစိုးရရုံးအဆောက်အအုံကို ပစ်မှတ်ထား ဖောက်ခွဲခြင်းဖြစ်ကြောင်း၊ ဒဏ်ရာရသူ ၂၁ ဦးရှိကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ပေါက်ကွဲမှုဖြစ်ပြီးနောက် ခန္ဓာကိုယ်အပိုင်းအစများနှင့် ရုပ်ပျက်ဆင်းပျက်ဖြစ်နေသောအလောင်းများကို တွေ့ခဲ့ရကြောင်း မျက်မြင်တချို့ကလည်း ပြောကြားသည်။

အသေခံဖောက်ခွဲ

ဗုံးများတပ်ဆင်ထားသော အင်္ကျီဝတ် အသေခံဗုံးခွဲသမားနှစ်ဦးသည် မော်တော်ယာဉ်တစ်စီးဖြင့် ဝင်ရောက်စီးနင်းပြီးနောက် အသေခံဖောက်ခွဲပစ်ခြင်းဖြစ်သည်။ သေဆုံးသူများမှာ အရပ်သားခြောက်ဦးနှင့် ရဲတပ်ဖွဲ့ဝင်သုံးဦးတို့ဖြစ်သည်။

ပြောကြား

အစိုးရဌာနချုပ်ရုံး အဆောက်အအုံကို ဝင်ရောက်ရန် ကြိုးပမ်းနေသော အသေခံဗုံးခွဲသမားတို့၏ ကားနောက်သို့ ရဲတပ်ဖွဲ့ဝင်များက လိုက်လံကာ ရပ်တန့်ရန် နှစ်ကြိမ်အော်ဟစ်အမိန့်ပေးခဲ့ကြောင်း၊ ဗုံးခွဲသမားနှစ်ဦးတွင် တစ်ဦးမှာ အမျိုးသမီးပုံစံဝတ်စားထားကြောင်း၊ တစ်ဦးသောဗုံးခွဲသမားက စတင်ဖောက်ခွဲလိုက်ကာ ခန္ဓာကိုယ်အစိတ်စိတ်အမွှာမွှာပေါက်ကွဲသွားပြီး သေဆုံးကြောင်း၊ ယင်းဗုံးပေါက်ကွဲမှုဒဏ်ကြောင့် ကျန်ဗုံးခွဲသမားမှာ သေဆုံးသွားသော်လည်း ၎င်းဝတ်ဆင်ထားသော ဗုံးခွဲအင်္ကျီ မပေါက်ကွဲဘဲရှိနေခဲ့ကြောင်း ဟီရိတ်ပြည်နယ်ရဲချုပ် ဘာရဒ်အဂါဟာဆာကွတ်က သတင်းဌာနသို့ ပြောကြားသည်။ **(ဝဲပုံ)**



ပါဝင်

ယင်းအသေခံဗုံးခွဲမှုတွင် သေကျေထိခိုက်သူအများစုမှာ အရပ်သားများဖြစ်ကြပြီး မိန်းမနှင့်ကလေးများလည်း ပါဝင်သည်ဟု သတင်းတွင် ဆက်လက်ဖော်ပြသည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းမြင်ကွင်း

အမျိုးသမီးတို့တွင် အရပ်အမြင့်နှင့် သားအိမ်ကင်ဆာဖြစ်ပွားမှု ဆက်စပ်လျက်ရှိဟုသုတေသနပြုတွေ့ရှိ

လန်ဒန် ဧပြီ ၁၀

အမျိုးသမီးများတွင် သားအိမ်ကင်ဆာ ဖြစ်ပွားမှုသည် အရပ်အမြင့်နှင့် ဆက်စပ်မှုရှိကြောင်း ပြန်လည်ဆန်းစစ်သုတေသနပြုချက်များအရ ဖော်ထုတ်တွေ့ရှိခဲ့သည်။ အရပ်ပိုမြင့်သောအမျိုးသမီးများသည် သားအိမ်ကင်ဆာဖြစ်ပွားမှုအန္တရာယ်အနည်းငယ်ပိုမို မြင့်မားသည်ဟု သုတေသနပြုတွေ့ရှိခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ဟော်မုန်းအစားထိုးကုသမှု တစ်ခါမျှ မပြုလုပ်ဖူးသည့် အမျိုးသမီးများအကြား အဝလွန်ခြင်းသည်လည်း သားအိမ်ကင်ဆာရောဂါ ဘေးကျရောက်နိုင်သည့် အကြောင်းရင်းခံတစ်ရပ်ဖြစ်ကြောင်း နိုင်ငံတကာရှိ သုတေသနပညာရှင်များကဆိုထားသည်။

ပြီးခဲ့သည့် သုတေသနပြုလုပ်မှုများတွင် ယခုတွေ့ရှိသည့် ဆက်စပ်မှုတစ်ရပ်ကို တင်ပြဖော်ထုတ်ခဲ့သော်လည်း ဝိဝါဒသဘောထား ကွဲလွဲမှုများ ပေါ်ပေါက်ခဲ့သည်။

ယခုနောက်ဆုံး သုတေသနပြုချက်သည် ကမ္ဘာအနှံ့ သုတေသနပြုထားသည့် အချက်အလက်များကို သုံးသပ်စိတ်ဖြာပြီးမှ ဗြိတိန်နိုင်ငံထုတ်ဆေးပညာဂျာနယ်တွင် ရေးသားဖော်ပြခဲ့ခြင်းဖြစ်သည်။

ဆက်စပ်လျက်ရှိ

ကမ္ဘာ့နိုင်ငံ ၁၄ နိုင်ငံတွင် ကူးစက်ရောဂါပျံ့နှံ့ခြင်းနှင့် လေ့လာခြင်းပညာရပ်ဆိုင်ရာ သုတေသနပေါင်း ၄၇ ခု ပြုလုပ်ကာ အမျိုးသမီးတို့၏အရပ်အမြင့်နှင့် သားအိမ်ကင်ဆာဖြစ်ပွားနိုင်ခြေ ဆက်စပ်လျက်ရှိကြောင်း သုတေသနပြု ဖော်ထုတ်တွေ့ရှိခဲ့ခြင်းဖြစ်သည်။ သားအိမ်ကင်ဆာဖြစ်ပွားနေသောအမျိုးသမီး ၂၅၀၀ ခန့်နှင့် ရောဂါမရှိသူအမျိုးသမီး ၈၀၀၀၀ ကျော်တို့ကို ဆန်းစစ်ကာ သုတေသနပြုလုပ်ခဲ့ခြင်းလည်းဖြစ်သည်။

"ကမ္ဘာအနှံ့က ရလဒ်တွေ စုပေါင်းပြီး ဆန်းစစ်ကြည့်တဲ့အခါမှာ အရပ်အမြင့်နဲ့ သားအိမ်ကင်ဆာဖြစ်ပွားတဲ့အန္တရာယ်အကြောင်းရင်းခံ ဆက်စပ်မှုရှိတာကို သေချာစွာဖော်ထုတ်သိရှိရပါတယ်"ဟု အောက်စဖို့ဒ်တက္ကသိုလ် ကူးစက်ရောဂါပျံ့နှံ့ခြင်းနှင့် လေ့လာခြင်းပညာရပ်ဌာနစိတ်၏ ပါမောက္ခတစ်ဦးလည်းဖြစ်သူ သုတေသနအဖွဲ့ခေါင်းဆောင် ဗဲလ်လာရီးဘာရယ်က သတင်းဌာနသို့ ပြောကြားသည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းမြင်ကွင်း

ဇော်ဦးခိုင် - စုစည်းသည်

အာဖဂန်နစ္စတန်နိုင်ငံ၏ ပထမဆုံးသတင်းဆက်သွယ်ရေးဂြိုဟ်တု လာမည့်ခြောက်လအတွင်း လွှတ်တင်မည်

ကဘူးလ် ဧပြီ ၁၀

တာလီဘန်ခေတ်လွန် အာဖဂန်နစ္စတန်နိုင်ငံတွင် နိုင်ငံ၏ပထမဦးဆုံး သတင်းဆက်သွယ်ရေးဂြိုဟ်တုကို လာမည့်ခြောက်လအတွင်း လွှတ်တင်မည်ဖြစ်ကြောင်း ဒေသတွင်းသတင်းစာတွင် ဧပြီ ၉ ရက်က ဖော်ပြသည်။

ကိုးကားဖော်ပြ

"အာဖဂန်နစ္စတန်နိုင်ငံရဲ့ ပထမဦးဆုံးဂြိုဟ်တုကို နောက်ခြောက်လအတွင်းမှာ လွှတ်တင်ဖို့ရှိပါတယ်"ဟု ဆက်သွယ်ရေးနှင့် သတင်းနည်းပညာဝန်ကြီးဌာနဝန်ကြီး အယ်မားဇိုင်ဆန်ဂျန်၏ ပြောကြားချက်ကို Daily Outlook သတင်းစာတွင် ကိုးကားဖော်ပြထားသည်။ **(အပေါ်ပုံ)**

ယခုအသစ်လွှတ်တင်မည့် ဂြိုဟ်တုသည် အာဖဂန်နစ္စတန်နိုင်ငံအား ကမ္ဘာနှင့် ပိုမိုဆက်သွယ်ကူးလူးမှုများ ဆောင်ကြဉ်းပေးနိုင်မည်ဖြစ်ကြောင်း၊ အာဖဂန်နစ္စတန်ရှိ တယ်လီဗေးရှင်းလိုင်းများနှင့် ရေဒီယိုအစီအစဉ်များမှ တစ်ဆင့်ခံထုတ်လွှင့်နေရသည့် ကုန်ကျစရိတ်များကို ယခုဂြိုဟ်တုလွှတ်တင်ပြီးစီးသည့်အခါတွင် လျှော့ကျသက်သာလာစေမည်လည်းဖြစ်ကြောင်း ဝန်ကြီးဆန်ဂျန်က ဖြည့်စွက်ပြောကြားသည်။

အတိတ်ဆယ်စုနှစ်ကာလကိုဖြတ်ကျော်လွန်မြောက်ပြီးချိန် ယနေ့အာဖဂန်နစ္စတန်နိုင်ငံတွင် ရုပ်မြင်သံကြားလိုင်းပေါင်း ၇၅ ခုအထိ ရှိခဲ့ပြီဖြစ်ပြီး ရေဒီယိုအသံလွှင့်ဌာန ၁၆၀ ကျော်အထိရှိနေရာ နိုင်ငံ၏ သတင်းနှင့်ဆက်သွယ်ရေးကဏ္ဍတွင် အထူးတလည်တိုးတက်အောင်မြင်မှုများကို ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်သည်။ နိုင်ငံအတွင်း မိုဘိုင်းလ်ဖုန်းသုံးစွဲနိုင်သူဦးရေမှာလည်း ၁၅ သန်းထက်ပိုလွန်ကြောင်း ဌာနဆိုင်ရာစာရင်းများတွင် ဖော်ပြသည်။

သို့သော်လည်း လူဦးရေ ၂၆ သန်းနီးပါးရှိသည့် အာဖဂန်နစ္စတန်နိုင်ငံတွင် အင်တာနက်အသုံးပြုနိုင်သူ ဦးရေမှာ ၁ ဒသမ ၅ သန်းသာရှိပြီး အင်တာနက် ကုမ္ပဏီပေါင်း ၄၀ ကျော်ရှိကာ နိုင်ငံတွင်း အင်တာနက်ဝန်ဆောင်မှုများပေးကာ လုပ်ငန်းလည်ပတ်လျက်ရှိသည်။ **(အင်တာနက်)**

ဖိလစ်ပိုင်နိုင်ငံမြောက်ပိုင်းတွင် ရေလွှမ်းမိုး မိသားစု ၁၀၀၀ ကျော် နေရာရွှေ့ပြောင်းပေးထား

မနီလာ ဧပြီ ၁၀

ဖိလစ်ပိုင်နိုင်ငံမြောက်ပိုင်း ကာဂါယန်ပြည်နယ်တွင် ရေကြီးမှုဖြစ်ပွားသဖြင့် မိသားစု ၁၂၀၀ ခန့်ကို ရေဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးထားရကြောင်း အစိုးရဌာနဆိုင်ရာ အရာရှိတစ်ဦးက ဧပြီ ၁၀ ရက်တွင် ပြောကြားသည်။ **(ဝဲပုံ)**

လွန်ခဲ့သည့်ရက်အနည်းငယ်အတွင်း မိုးသည်းထန်စွာအဆက်မပြတ်ရွာသွန်းခဲ့သဖြင့် ပြည်နယ်အတွင်းရှိ စီလာဗာရီယားနှင့် ပါရာစီဒက်စ်မြို့များတွင် ရေကြီးမှုများဖြစ်ပွားနေကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ်လျှော့ပါးရေးနှင့် စီမံကွပ်ကဲရေးကောင်စီ၏အလုပ်အမှုဆောင်ဒါရိုက်တာ အီနီတိုရာမို့စ်က ပြောကြားသည်။

ပျက်စီးခဲ့

"စီလာဗာရီယားမြို့ဝန်းကျင်၌ ကျေးရွာပေါင်း ၄၁ ရွာရှိရာ ၃၁ ရွာ ရေလွှမ်းမှုများကြုံနေရပြီး မိသားစု ၈၇၇ စု ရေဘေးဒုက္ခနဲ့ ရင်ဆိုင်နေရပါတယ်။ ပါရာစီဒက်စ်မြို့မှာဆိုရင် ကျေးရွာ ၁၀ ရွာ ရေလွှမ်းနေပြီး ရေဘေးသင့်မိသားစုပေါင်း ၃၃၈ စုရှိပါတယ်" ဟု ရာမို့စ်က ဆက်လက်ပြောကြားခဲ့သည်။ ရေလွှမ်းမှုများကြောင့် ဆည်ရေသောက်စပါးစိုက်ခင်း ၂ဟက်တာပျက်စီးခဲ့ပြီဖြစ်ကြောင်း၊ အခြားစိုက်ခင်းပေါင်း ၂၂ ဒသမ ၅ ဟက်တာပျက်စီးခဲ့ကြောင်း ၎င်းကပင် ဆက်လက်ပြောကြားသည်။ ရေဘေးဒုက္ခကြုံမိသားစုများအတွက် ကူညီထောက်ပံ့မှုများကို ပြည်နယ် သဘာဝဘေးအန္တရာယ်လျှော့ပါးရေးနှင့် စီမံကွပ်ကဲရေးကောင်စီက ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းတွင် ဆက်လက်ဖော်ပြသည်။ **(အင်တာနက်)**

အီဂျစ်-အစ္စရေးဓာတ်ငွေ့ပိုက်လိုင်း ထပ်မံဖောက်ခွဲဖျက်ဆီးခံရ

ကိုင်ရို ဧပြီ ၁၀

အစ္စရေးနှင့်ဂျော်ဒန်သို့ အီဂျစ်နိုင်ငံမှဓာတ်ငွေ့များပေးပို့သည့် ဓာတ်ငွေ့ပိုက်လိုင်းကို အကြမ်းဖက်သမားများက ယခုအခါ ထပ်မံဖောက်ခွဲလိုက်ကြောင်း အင်တာနက် သတင်းတွင်ဖော်ပြပါရှိသည်။ ၎င်းတစ်ကြိမ်ဖောက်ခွဲခံရခြင်းမှာ ၂၀၁၁ ခုနှစ် ဇန်နဝါရီလနောက်ပိုင်း (၁၄)ကြိမ်မြောက် ဖောက်ခွဲခံရခြင်းဖြစ်သည်။ **(ယာပုံ)**

ဆိုင်နိုင်းကျွန်းဆွယ်ကို ဖြတ်သွယ်ထားသည့် ဓာတ်ငွေ့ပိုက်လိုင်း၏ ဆိုင်နိုင်းမြောက်ပိုင်းမြေထဲပင်လယ်အဝင် အယ်အရစ်ရှ်မြို့ရှိ ဓာတ်ငွေ့ပိုက်လိုင်းအစိတ်အပိုင်း ဧပြီ ၉ ရက်က ဖောက်ခွဲခံလိုက်ရခြင်းဖြစ်သည်။

ယင်းသို့ ဓာတ်ငွေ့ပိုက်လိုင်းကိုဖောက်ခွဲခြင်းမှာ သူတို့လက်ချက်ဖြစ်ကြောင်း မည်သည့်အုပ်စု သို့မဟုတ် မည်သူတစ်ဦးကမျှ ထုတ်ဖော်ကြေညာ ပြောဆိုခြင်းမပြုပေ။ ဖေဖော်ဝါရီ ၅ ရက်က ဖောက်ခွဲခံရပြီးနောက် ဓာတ်ငွေ့ပို့မှုရပ်ဆိုင်းခဲ့သည်။ ပြီးခဲ့သည့် ရက်သတ္တပတ်က ပြန်လည်၍ ဓာတ်ငွေ့များပို့ပေးခြင်းဖြစ်ကြောင်း သိရသည်။ ယခုအခါ အစ္စရေးနှင့်ဂျော်ဒန်ဓာတ်ငွေ့ပိုက်လိုင်းကို အကြမ်းဖက်သမားများကပစ်မှတ်ထားပြီး အကြိမ်ကြိမ်ဖောက်ခွဲတိုက်ခိုက်လျက်ရှိသည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းသုတ

ကမ္ဘာ့သစ်ပင်နှင့် တိရစ္ဆာန်မျိုးစိတ်များ မျိုးသုဉ်းပျောက်ကွယ်မှုနှင့်ရင်ဆိုင်နေရပြီ

သတင်းမှတ်စု - တိုး

ကမ္ဘာပေါ်တွင် တိရစ္ဆာန်မျိုးစိတ်အများအပြားနှင့် အပင်မျိုးစိတ်အများအပြားရှိသည်။ အချို့သောအပင်နှင့်တိရစ္ဆာန်မျိုးစိတ်တို့မှာ ရာသီဥတုပြောင်းလဲမှု၊ ကမ္ဘာ့လူဦးရေတိုးတက်လာမှု၏ နောက်ဆက်တွဲ ပယောဂတို့ကြောင့် မျိုးသုဉ်းပျောက်ကွယ်မှုများနှင့် ရင်ဆိုင်နေရသည်ကို သတိပြုမိသည်။

သစ်ပင်သစ်တောများဖုံးလွှမ်းနေသော ကမ္ဘာမြေဖြစ်နေရန်လိုအပ်သည်။

သို့သော် မျိုးသုဉ်းပျောက်ကွယ်သည့် ရှားပါးတိရစ္ဆာန်များအပေါ် အာရုံစိုက်မှုလောက် ရှားပါးအပင်များအပေါ် အာရုံစိုက်မှုမရှိကြောင်း တွေ့ရမည်ဖြစ်သည်။ ထို့ကြောင့်ပင် ရှားပါးအပင်များနှင့် သစ်တောများ လျော့နည်းပျောက်ကွယ်နေခဲ့ရခြင်းဖြစ်၏။

သစ်တောပြုန်းတီးမှုမှာ အဓိကအားဖြင့် တရားမဝင်ခုတ်လှဲနေခြင်းကြောင့်ဖြစ်သည်။ နှစ်မိနစ်ကြာတိုင်း ဘောလုံးကစားကွင်းတစ်ကွင်းစာ သစ်တောကို သစ်ခိုးခုတ်သူများက ခုတ်လှဲကိုယ်ကျိုးရှာနေကြောင်း ကမ္ဘာ့ဘဏ်၏ မကြာမီကထုတ်ပြန်သောအစီရင်ခံစာ၌ ဖော်ပြထားသည်ကိုတွေ့ရသည်။ အချို့နိုင်ငံတို့၌ဆိုလျှင် သစ်တောဧရိယာ ၉၀ ရာခိုင်နှုန်းအထိ တရားမဝင်ခုတ်လှဲခံရသည်ဆို၏။

ယနေ့ကာလတွင် ရာသီဥတုပြောင်းလဲမှု၏ ဒဏ်ရာဒဏ်ချက်များကြောင့်နှင့် လူတို့၏မဆင်မခြင်ခုတ်လှဲခြင်းတို့ကြောင့် သစ်ပင်များပြုန်းတီးပျက်စီးရခြင်းကို မျက်မှောက်လူသားတို့အနေဖြင့် လွန်ခဲ့သည့်ရာစုနှစ်ဝက်က လူသားတို့ထက် ပိုမိုလက်တွေ့ကျကျသဘောပေါက်ကြသည်။ "ဥတုရာသီတောကိုမှီ၏"ဟူသောစကားနှင့်အညီ ရာသီဥတုဟူသည် သစ်တောသစ်ပင်တို့ပေါ်တွင် များစွာမှီခိုနေကြောင်း လူတိုင်းသဘောပေါက်နေပြီဖြစ်သည်။

ကမ္ဘာပေါ်တွင် တရားမဝင်သစ်ခုတ်မှုမှရရှိသော အပြစ်မကင်းသည့် ဝင်ငွေမှာ နှစ်စဉ်ဒေါ်လာ ၁၀ ဘီလီယံမှ ၁၅ ဘီလီယံရှိကြောင်း တွေ့ရသည်။ အချို့နိုင်ငံများတွင် တရားမဝင်သစ်ခုတ်မှုအများစုကို ရာဇဝတ်ဂိုဏ်းများကထိန်းချုပ်လုပ်ကိုင်ကြပြီး အဆိုပါဂိုဏ်းများနှင့်ပူးပေါင်းကာ အဂတိလိုက်စားသည့် တာဝန်ရှိသူများက အမြတ်ရနေခြင်းဖြစ်သည်။ အချို့နိုင်ငံများတွင် သစ်ခုတ်သူများအား ရာဇဝတ်မှုဖြင့် အရေးယူခြင်းအားဖြင့် တရားမဝင်သစ်ခုတ်မှုတားဆီးရေးတွင် ထိရောက်ကြောင်းတွေ့ရသည်ဆို၏။

ကမ္ဘာ့နိုင်ငံများအနေဖြင့် မူးယစ်ဆေးဝါးမှောင်ခိုသမားများကို လိုက်လံနှိမ်နင်းသကဲ့သို့ တရားမဝင်သစ်ခုတ်လှဲသည့် ရာဇဝတ်ဂိုဏ်းများကိုလည်း အလားတူ ချေမှုန်းသင့်ကြောင်း ကမ္ဘာ့ဘဏ်မန်နေဂျာတစ်ဦးဖြစ်သူ ဂျင်းပက်စမီက တိုက်တွန်းထားသည်။

သစ်တောများပြုန်းတီးပျောက်ကွယ်မှုတွင် တရားမဝင်သစ်ခုတ်လှဲမှုအပြင် တောမီးလောင်မှု၊ ကျွဲနွားစားကျက်နှင့် လယ်ယာလုပ်ကိုင်ရေးအတွက် မြေချဲ့မှုတို့လည်း ပါဝင်သေးကြောင်းတွေ့ရသည်ဆို၏။ မည်သို့ပင်ဖြစ်စေ သစ်တောထိန်းသိမ်းရေးအတွက် ထိရောက်စွာအရေးယူရမည်သာဖြစ်သည်။ သို့သော် အရေးယူရာ၌ ပြစ်မှုနှင့် ပြစ်ဒဏ်မျှတရန်လိုပေသည်။

ကမ္ဘာတစ်ခွင်သစ်တောမပြုန်းတီးစေလိုလျှင် သစ်တောများကို ယခုထက်ပိုမိုကြီးကြပ်စောင့်ရှောက်ပေးရန်၊ သစ်တောထိန်းသိမ်းရေးဥပဒေ ချိုးဖောက်သူများအား အရေးယူရန်၊ သစ်ထွက်ပစ္စည်းများပြုန်းတီးပျက်စီးရခြင်းကို ခုတ်ယူထုတ်လုပ်ရာတွင် ခွင့်ပြုချက်ရှိ မရှိ ကြပ်မတ်စစ်ဆေးရန် အာရုံပိုမိုစိုက်သင့်ပါကြောင်း သုံးသပ်တွေ့ရှိရပေသည်။ ။ ***ကိုးကား-အင်တာနက်***

အာဖဂန်နစ္စတန်၌ တာလီဘန် ၂၆ ဦး လုံခြုံရေးတပ်ဖွဲ့ဝင်များချေမှုန်း

ကဘူးလ် ဧပြီ ၁၀

အာဖဂန်နစ္စတန်လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် နိုင်ငံခြားတပ်ဖွဲ့ဝင်များက လွန်ခဲ့သည့် ၄၈ နာရီအတွင်း နိုင်ငံတစ်ဝန်း၌ တာလီဘန်အကြမ်းဖက်သမား ၂၆ ဦးကို ချေမှုန်းလိုက်ကြောင်း အာဖဂန်နစ္စတန်အစိုးရက ကြေညာသည်။

ကန်ဒါဟာ၊ နန်ဂါဟာ၊ ဘာဒါရှန်၊ ပါတီကာ၊ ဂါဇနီ၊ ခို့စ်နှင့် ဖာယက်ပြည်နယ်များမှ တာလီဘန်အကြမ်းဖက်သမား ၃၅ ဦးအား ပူးတွဲတပ်ဖွဲ့ဝင်များက ဖမ်းဆီးလိုက်ကြောင်း အာဖဂန်နစ္စတန်အစိုးရ၏ ကြေညာချက်တွင် ဖော်ပြပါရှိသည်။

အဆိုပါသေဆုံးသူများစာရင်းနှင့်ပတ်သက်၍ တာလီဘန်တို့ဘက်က အတည်ပြုပေးခြင်းမရှိသေးပေ။ အမေရိကန်ဦးဆောင်သည့် နိုင်ငံခြားတပ်ဖွဲ့ဝင်များ အာဖဂန်နစ္စတန်၌ရှိနေသည့်ကြားမှပင် လုံခြုံရေးအခြေအနေမှာ ဆက်လက်ဆိုးရွားလျက်ပင်ရှိသည်ဟုဆို၏။ **(အင်တာနက်)**

မြန်မာ့အလင်း သင်္ကြန်အကြို အခန်းဆက် ဝတ္ထုရှည်

နှလုံးသားထဲက သင်္ကြန်

တက္ကသိုလ်မောင်သုလှိုင်

ယမန်နေ့ကအဆက်

ဧပြီ ၁၀ ရက်။ အင်္ဂါနေ့…။

သင်္ကြန်ရက်ကနီးပြီ။ နှစ်ရက်သာလိုတော့သည်။ သင်္ကြန်ရက်နီးလေ ပိုင်ထူးဝေတို့ သူငယ်ချင်းတစ်သိုက် အလုပ်ရှုပ်လေဖြစ်နေသည်။ စတူဒီယိုတွင် သီချင်းတိုက်လိုက်၊ ရေကစားမဏ္ဍပ်မှာ ပြင်ဆင်လိုက်နှင့် မအားရအောင် ဖြစ်နေသည်။

သားအမိ နှစ်ယောက်သာရှိသည့် အိမ်တွင် သားငယ်က အလုပ်ရှုပ်နေသည်ဆိုတော့ အိမ်တွင် ဒေါ်အိအိထွေး တစ်ယောက်သာ အိမ်မှုကိစ္စလုပ်လိုက်၊ အားလပ်သည့် အချိန်တွင် စန္ဒရားတီးလိုက်ဖြင့် အချိန်ကုန်လွန်ခဲ့သည်။

သို့ပေမယ့် ယနေ့ညမှာ ကိုရီးယားက သမီးကြီး ပြန်ရောက်လာမည်။ ဆရာမပီပီ စကားတွေဖောင်ဖွဲ့ပြောတတ်သော သမီးကြီးကြောင့် အိမ်မှာ ပိုမိုစည်ကားလာတော့မည်။ သားငယ် ပိုင်ထူးဝေနှင့် သမီးကြီး ခင်စောဦးတို့ တစ်ခါတစ်ရံ အချေအတင် ငြင်းခုံသံလေးများကပင် ဒေါ်အိအိထွေး အတွက် ဆည်းလည်းသံလေးများလို နားဝင်ချိုရသည်။

ဒီနှစ်သင်္ကြန်မှာ သမီးနှင့်သား အိမ်တွင်ရှိမည်ဆိုတော့ ကိုချစ်ဝေကို သတိရမိပြန်သည်။ လွန်ခဲ့သည့် ငါးနှစ်မတိုင်မီက သင်္ကြန်ပွဲတွေ၊ ဂီတသံစဉ်တွေအကြား ပျော်ခဲ့ကြရပုံတွေကို ဒေါ်အိအိထွေး မမေ့နိုင်အောင် ရှိရသည်။

သမီးကြီးက သင်္ကြန်တွင်း ကာလသာ အိမ်မှာရှိမည်ဆိုတော့ သင်္ကြန်ကာလလေး အလျင်အမြန် ပြီးဆုံးသွားမည်ကိုတော့ ဒေါ်အိအိထွေး စိုးရိမ်မိပါသည်။

အိမ်တွင် သမီးကြီးမရှိသည့်တိုင် အရင်ကလို အိမ်တွင် စည်စည်ကားကားနှင့် ဂီတသံတွေကြား ပျော်မွေ့နေစေချင်သည်။ ကျောင်းပြီးလျှင်တော့ သားငယ်ကို အိမ္ဗန်ဆွေလေးနှင့် စေ့စပ်ပေးရန် စဉ်းစားမိသည်။ သို့သော် သူတို့အခြေအနေက ဘယ်လိုနေမှန်းမသိ..။

"ကလင်…ကလင်…"

ဟော..အိမ်ရှေ့ခြံဝက လူခေါ်ခေါင်းလောင်းသံကြားသည်။ သားငယ်တို့ ပြန်လာကြပြီထင့်…။

ဒေါ်အိအိထွေး အိမ်ရှေ့ခြံ တံခါးဆီသို့ လှမ်းကြည့်လိုက်တော့ …။

ဩော် … သားငယ်တို့မှ မဟုတ်ပေပဲ…။

"သမီးတို့ လာလာ…" ဟုဆိုကာ အိမ္ဗန်ဆွေနှင့် ဝါဝါမိုးတို့ကို ခြံတံခါးဖွင့်ပေးလိုက်သည်။

"အိမ်မှာ ကိုပိုင်တို့ ရှိလား အန်တီ…။ စတူဒီယိုမှာ ရှိတယ် အောက်မေ့လို့ လိုက်သွားတာ..။ သူတို့ အဲဒီကိုမလာဘူးတဲ့…။"

အိမ္ဗန်ဆွေက ခြံထဲသို့ ဝင်ရင်း မေးလိုက်ခြင်းဖြစ်၏။

"ကဲ…လာ အထဲကျမှ စကားပြောရအောင်" ဟုဆိုကာ ဒေါ်အိအိထွေးက အိမ္ဗန်ဆွေတို့ကို အိမ်ထဲခေါ်သွားသည်။

အိမ်ထဲရောက်တော့…

"ထိုင်…သမီးတို့…သားငယ်တို့က သီချင်းတိုက်တဲ့ကိစ္စ ပြီးသလောက်ဖြစ်နေပြီလေ…ဒီနေ့တော့ မဏ္ဍပ်မှာ ရှိမယ်ထင်တယ်။ အချောသပ်စရာလေးတွေရှိလို့ဆိုပြီး မနက်ကတည်းက ထွက်သွားတာပဲ…"

"ဟုတ်လား…အန်တီ…"

"ဒါနဲ့ သားငယ်…သမီးကို သင်္ကြန်သီချင်းကိစ္စနဲ့ ပတ်သက်ပြီး ဘာပြောသေးလဲ…"

"ဘယ်လိုကိစ္စလဲ အန်တီ…"

"ကိစ္စကတော့ သင်္ကြန်မင်းသမီးကိစ္စပဲသမီး…။သူ့ရဲ့နှလုံးသားထဲက သင်္ကြန်သီချင်းအတွက် အကမယ်ကို စိတ်တိုင်းကျ ရှာမရဘဲဖြစ်နေတယ်။ အဲဒါ သမီးကူညီပေးနိုင်ရင်တော့ ကောင်းမှာပဲ…"

"ဘယ်လိုကူညီရမလဲ အန်တီ…"

"သားက သမီးကို သူ့ရဲ့သင်္ကြန်မင်းသမီး ဖြစ်စေချင်တယ်နဲ့တူတယ်…"

အိမ္ဗန်ဆွေ ပြုံးလိုက်ပြီး

"သမီးမှ အကဝါသနာ မပါဘဲ အန်တီ…ဖြစ်မှာမဟုတ်ပါဘူး…"

"ဝါသနာဆိုတာထက် ပါရမီဖြည့်ဖက်အနေနဲ့ပေ့ါ သမီးရယ်၊ ကတတ်အောင်တော့ အန်တီသင်ပေးမှာပေ့ါ…"

"ဖြစ်မယ်တော့ မထင်ဘူး အန်တီ…၊ သမီးကလဲ အကမှာ ဝါသနာမပါတော့…ဒါပေမယ့် အန်တီရယ်..ကိုပိုင့်အတွက် အခြားလိုအပ်သမျှ ကူညီနေမှာပါ…"

ဒေါ်အိအိထွေး ဆက်ပြော၍ မရမှန်းသိလိုက်သည်။ ထို့နောက် စကားလမ်းကြောင်းလွှဲပြီး သူ့ရင်ထဲမှာ အဓိကသိလိုသောအချက်ကို မေးလိုက်မိ၏။

"အန်တီ တစ်ခုသိချင်လို့…သမီးနဲ့ အေးအေးဆေးဆေးတွေ့တုန်း မေးချင်တယ်…"

"မေးပါအန်တီ…"

"ပွင့်ပွင့်လင်းလင်းပဲ မေးမယ်နော်… သားနဲ့ သမီးတို့ရဲ့ အခြေအနေက ဘယ်လိုလဲဟင်၊ ကြိုက်နေကြပြီလား…အန်တီကတော့ သမီးကို အန်တီ့သမီးလေးတစ်ယောက်လို အပိုင်လိုချင်ပြီကွယ်…"

"အို…အန်တီကလဲ…"

အိမ္ဗန်ဆွေတစ်ယောက် ဒေါ်အိအိထွေး၏ ပြောစကားကို ချက်ချင်းသဘောပေါက်သွားသဖြင့် ရှတ်တရက်အရှက်ပိုကာ ခေါင်းကိုငုံ့ထားလိုက်သည်။

"ကိုပိုင်က သမီးကို ချစ်ရေးဆိုထားတယ်လေ အန်တီရဲ့" ဟု အိမ္ဗန်ဆွေ ပြောလိုက်ချင်သော်လည်း နှုတ်ကတော့ပြောမထွက်ခဲ့…။

××××××

"မင်းက အပိုင်ပါပဲလား.. ပိုင်ထူးဝေရာ.."

မဏ္ဍပ်နောက်ခံတွင် ပန်းချီရေးခြယ်အပြီး ထင်ရှားပီသလှသော စာတန်းလေးကိုကြည့်ကာ ထူးထူးမောင်က အားပါးတရပြောလိုက်သည်။ ဘာတဲ့…စာတန်းလေးက…။

"ညှော့သည်အဆိုတော် ကိုရီးယားသရုပ်ဆောင် မော်ဒယ် လီယောင်းဝမ် အထူးပါဝင် တင်ဆက်မည်" ဆိုပဲ…။

ပိုင်ထူးဝေတို့ သူငယ်ချင်းတစ်သိုက် မဏ္ဍပ်ကို စိတ်တိုင်းကျပင် ပြင်ဆင်နေလေပြီ။

သင်္ကြန်ရက်က နီးလာပြီမို့ မဏ္ဍပ်အချောသပ်လုပ်ငန်းများကို အမြန်လုပ်နေရသည်။

"ဘယ်လိုလဲ ပိုင်ထူးဝေ…။ မမြင်ဖူးတဲ့သူ၊ အရည်အချင်း မသိရသေးတဲ့သူအတွက် မင်းအထင်ကြီးတာ မစောလွန်းဘူးလား…။ ပေါ်ပြူလာဖြစ်ချင်တာတစ်ခုတည်းနဲ့ လုပ်လိုက်ရင် နောင်မင်းနှုတ်ရခက်မယ်နော်…"

ဇော်မြင့်လွင်က ဝေဖန်သည်ကို ပိုင်ထူးဝေပြုံး၍ နားထောင်နေသည်။

"ပိုင်ထူးဝေက မပိုင်ရင် မလုပ်ဘူး… ဒါတွေအားလုံး မမနဲ့တိုင်ပင်ပြီးမှ လုပ်တာ…။ မမက သူ့တပည့်မအတွက် စိတ်ချတဲ့…။ မြန်မာသီချင်းတွေ မြန်မာအကတွေတောင် အတော်ရနေပြီတဲ့…"

"အမယ် တယ်ဟုတ်ပါလား…ဒါဆိုလည်း ပြီးတာပဲပေါ့ကွာ..နောက်ကျမှ အခက်တွေ့မှာစိုးလို့ပါ…"

"ကဲ… အပေါင်းအသင်းတို့ ဘာမှ မစိုးရိမ်နဲ့ အနုပညာလုပ်ငန်းဆိုတာ ယုံကြည်ချက်မရှိရင် လုံးဝလုပ်လို့ မရဘူး… အောင်မြင်မှာလည်း မဟုတ်ဘူး… ငါ့လုပ်ငန်းအပေါ် ငါယုံကြည်တယ်…။ ဒါနဲ့ နက်ဖြန်တီးဝိုင်းအဖွဲ့ သားတွေကို စတူဒီယိုမှာ အားလုံးချိန်းပြီးပြီလား…နက်ဖြန် သင်္ကြန်သီချင်းတွေ ဖိုင်နယ်တိုက်မယ်…သဘက်ခါဆို စင်ပေါ်တက်ရတော့မှာ…"

"အေးပါ စိတ်ချပါ အားလုံးချိန်းပြီးပြီ…"

ထူးထူးမောင်က ပြန်ဖြေသည်။

ပိုင်ထူးဝေကတော့ မဏ္ဍပ်နောက်ခံ ပန်းချီများဆီက အကြည့်ကို မခွာ၊ အားရကျေနပ်စွာပင် တစိမ့်စိမ့်ကြည့်ကာ ပီတိဖြစ်နေမိသည်။

သို့သော် အားမရ၊ ဘဝင်မကျသည်ကတော့ ယခုတိုင် ရင်ထဲမှာရှိနေဆဲ၊ သင်္ကြန်အကမင်းသမီးလေး ဘယ်ဆီရောက်နေသလဲ…။

"ကိုပိုင်ထူးဝေတို့ကတော့ မမြင်ရသေးတဲ့ ကိုရီးယားသူကို အကြောင်းပြုပြီး ကြည်နူးနေတယ်နဲ့တူတယ်။"

နောက်ဘက်ဆီမှ ဝါဝါမိုး၏ အသံကို ကြားလိုက်ရသဖြင့် ပိုင်ထူးဝေ လှည့်ကြည့်ကာ-

"အာ-အိမ္ဗန်တို့ပါလား - ဘယ်က လာကြတာလဲ…"။

"ကိုပိုင်တို့ အိမ်ကပဲလေ-ဘာလဲ ကိုရီးယားသူက မမခင်စောဦးနဲ့အတူ ပါလာဖို့သေချာပြီလား- အခုကတည်းက ပီတိတွေဖြစ်နေလိုက်တာ"

အိမ္ဗန်ဆွေက ခပ်စူစူလေးပြောလိုက်တော့ ဘေးမှာရပ်နေသည့် ထူးထူးမောင်က-

"ဘယ်လိုလဲ အိမ္ဗန်ဆွေ၊ သဝန်တိုနေတာလား၊ ဒါဆိုလဲ ပိုင်ထူးဝေကို မြန်မြန်အဖြေပေးလိုက်တော့လေ၊ ကြားက ငါတို့လဲ ကြားချင်ပြီ…"

"နင်တို့ ကြားတော့ကော ဘာထူးမှာမို့လို့လဲ…"

"ထူးတာပေ့ါ အိမ္ဗန်ဆွေရာ…နင်က အဖြေပေးလိုက်တော့ ပိုင်ထူးဝေကပျော်…ဟော- ဒီတော့ ဒီသင်္ကြန်ပွဲတော်မှာ ငါတို့ စားချင်တာ သွားချင်တာမှန်သမျှသူကလိုက်ရော…နင်တို့ နှစ်ယောက်တော့မသိဘူး…ငါတို့ သူငယ်ချင်းတွေတော့ ဒီနှစ်သင်္ကြန်မှာ အပျော်ဆုံးဖြစ်မှာ အမှန်ပဲ…"

"ကောင်စုတ်တွေ - နင်တို့ ပျော်ချင်ရင် နင်တို့ကြီးတော်ကြီး လင်နောက်လိုက်မှ ပျော်ကြ…"

အိမ္ဗန်ဆွေက ရှက်ပြောလေးဖြင့် သူငယ်ချင်းများကို ပြန်ပြောလိုက်သည့်ဟန်ကို ပိုင်ထူးဝေပြုံး၍ ကြည့်နေလိုက်မိသည်။

"ဩော်- သင်္ကြန်မင်းသမီးလေးပဲ ဖြစ်လိုက်ပါတော့လား… အိမ္ဗန်လေးရယ်…"

××××××

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ဆိုက်ရောက်ခန်းမဆောင်ကြီးထဲတွင် ညှော့ကြိုများဖြင့် စည်ကားနေသည်။

မကြာမီ ခင်စောဦးနှင့် သူ့တပည့်မ ကိုရီးယားသူလေးတို့ တီဂျီလေကြောင်းခရီးစဉ်ဖြင့် ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှ တစ်ဆင့် ရောက်ရှိလာကြတော့မည်။

ညနေစောင်းကတည်းက ဒေါ်အိအိထွေးနှင့် ပိုင်ထူးဝေတို့ လေဆိပ်သို့ ရောက်ရှိနေကြသည်။ ဒေါ်အိအိထွေးကတော့ သမီးကြီးဖြစ်သူ ခင်စောဦး ရောက်လာမည်ဖြစ်၍ ပျော်နေသည်။ ကိုရီးယားအတွေ့အကြုံတွေ၊ ဂီတနှင့် အနုပညာအကြောင်းတွေကို ပြောပေဦးမည်။ သူပြန်လာတိုင်း ထူးထူးခြားခြား ဖြစ်ရသည်မှာ သမီးကြီး ခင်စောဦးနှင့်အတူ ကိုရီးယားအစားအစာများကို ချက်ပြုတ်စားသောက်ရခြင်းပင်။

ပိုင်ထူးဝေအတွက်မူ ကြိုဖို့သက်သက်၊ ကားမောင်းပေးဖို့ သက်သက်လိုက်လာရရုံကလွဲ၍ ထူးခြားသည် မရှိ။ သို့သော် အမှန်အတိုင်း ပြောရရင် မမ ခင်စောဦးနှင့်ပါလာမည့် ကိုရီးယားသူ လီယောင်းဝမ်နှင့် ပတ်သက်ပြီး စူးစမ်းမိချင်သည်ကတော့ အမှန်…။ ဒါလဲ သိပ်တော့ထူးဆန်းသည် မဟုတ်။ နိုင်ငံခြားသူတစ်ယောက် မြန်မာပြည် မရောက်ဖူး၍ အလည်အပတ်လိုက်လာရုံသက်သက်ပင် ဖြစ်လိမ့်မည်ဟုထင်သည်။ မြန်မာတို့၏ အနေအထိုင်နှင့် အစားအသောက်က သူတို့နှင့် အချို့နေရာများတွင် ခြားနားလေတော့ ကြာလျှင်မနေတတ် မထိုင်တတ်ဖြစ်ပြီး မြန်မြန်ပြန်ပြေးချင်စိတ် ပေါ်လာမည်အမှန်ပင်…။

ဟော-စပီကာမှ ကြေညာသံကြားရပြီ။ လေယာဉ်ဆိုက်ပြီတဲ့…။

ညှော့ကြိုများ လှုပ်လှုပ်ရှားရှားဖြစ်လာကြသည်။ ဒေါ်အိအိထွေး တစ်ယောက် ဟိုကြည့်သည်ကြည့်ဖြင့် ခရီးသည်များ လာရာဘက်ဆီသို့ မျှော်ကြည့်နေမိသည်။

ဟော-တွေ့ပါပြီ…။ မမခင်စောဦး…။ အင်း- မမကတော့ ရိုးရိုးချည်းပါပဲ။ ကိုရီးယားရောက်လို့ အသားအရေ ပြောင်းသွားတာကလွဲလို့ မြန်မာဟန် မြန်မာဝလေ့ကို အမြဲမြတ်နိုးတတ်သူပါပဲ။ အခုလည်း ကြည့်လေ နိုင်ငံခြားကပြန်လာသည်မှာ ထဘီနှင့် အင်္ကျီရင်ဖုံးနှင့်။ အများလို တစ်ခါတစ်ရံ ဘောင်းဘီရှည်ဝတ်တော့ ဘယ်သူက ကဲ့ရဲ့မှာတဲ့တုန်း။

ဟော-ဖြန်းဆို အနားရောက်လာပြီ။

"မေမေ"

အသော့လေးလျှောက်လာကာ မေမေ့ရင်ခွင်ထဲ ပြေးဝင်လိုက်သည်။

သည်မြင်ကွင်းကို ကြောင်ပြီးကြည့်နေမိသူက အသားဖြူဖြူနှင့် မိန်းကလေးငယ်တစ်ဦး။ ပိုင်ထူးဝေ သူ့ကို သတိထားပြီး ကြည့်နေစဉ်မှာပဲ သူမ၏ မျက်လုံးအစုံက ပိုင်ထူးဝေထံ ရောက်လာသည်။

'လီယောင်းဝမ်ဆိုတာ သူပဲလား' ဟု ပိုင်ထူးဝေတွေးနေမိစဉ် မမက-

"ဩော်-မေမေ ဒါ သမီးပြောပြောနေတဲ့ မိယောင်းလေ။ နာမည်အပြည့်အစုံက လီယောင်းဝမ်တဲ့"

"ဟုတ်ကဲ့…တွေ့ရတာ ဝမ်းသာပါတယ် မေမေ…"

အို…ဘယ့်နှယ်၊ မမခင်စောဦး ခေါ်တဲ့အတိုင်း လိုက်ခေါ်နေပါလား …ဘာတဲ့ "မေမေ" တဲ့။ အသံလေးဝဲတာကလွဲလို့ မြန်မာလို ကောင်းကောင်းပြောတတ်နေတာပဲ…။

ပိုင်ထူးဝေ အတွေးနယ်ချဲ့နေတုန်း…။

"ဒါက မမမောင်လေး ပိုင်ထူးဝေတဲ့…"

"ဟုတ်ကဲ့ … တွေ့ရတာ ဝမ်းသာပါတယ် ကိုကိုပိုင်ထူးဝေ…"

ကိုကိုပိုင်ထူးဝေတဲ့လား…။

ပိုင်ထူးဝေ ဘာပြန်ပြောရမှန်းမသိ၊ ငြိမ်နေပြီးမှ…

"ဩော်-တွေ့ရတာ ဝမ်းသာပါတယ်…"

သည်ညအတွက် တွေ့ဆုံနှုတ်ဆက်မှုကတော့ သည်လောက်ပါပဲ။ တွေ့ဆုံနှုတ်ဆက်မှုမှာ တဒင်္ဂ၊ တစ်ခဏသာ ဖြစ်ပေမယ့် သူ့ရဲ့ နှုတ်ဆက်သံတွေကတော့ ဒေါ်အိအိထွေးနှင့် ပိုင်ထူးဝေတို့၏ ရင်ထဲမှာ မရပ်နားတဲ့ ပဲ့တင်ထပ်သံများပမာရိုက်ခတ် ထိတွေ့ခံစားနေရတာကတော့ အမှန်ပါပဲ…။ **(ဆက်လက်ဖော်ပြပါမည်)**

နှစ်ဦးဆုမွန်

○ ပုရစ်ဖူးတဲ့ နှစ်ဦးနွေ
ပိတောက်ပန်းတွေ ထိန်ထိန်ဝေ၊
အတာရေအေး နံ့သာမွှေး
ရေသဘင်ပွဲ နွှဲပြီလေး။

○ အိုးစည်တေးနဲ့ ဒိုးသံမြိုင်
ယိမ်းပျိုဖြူတို့ အကပြိုင်၊
သံချပ်တိုင်တဲ့ ကိုလူချော
ဟန်နဲ့ပန်နဲ့ သူမမော။

○ ပြောစည်တီးတဲ့ အလှူတော်
စတုဒိသာ ဇရပ်ပေါ်
သာစုခေါ်လို့ စိတ်ကြည်နူး
မြန်မာ့နှစ်သစ်ကူး။

○ မြူးမြူးကြွကြွ ရွှင်လန်းစွာ
သပြေပန်းနဲ့ ရေဖျန်းကာ၊
ဘေးရန်ကင်းကွာ သာစေကြောင်း
နှစ်ဦးဆုမွန်တောင်း။ ။

ရေနံ့သာမောင်ကျော်ညွန့်

ဘုတ်ပြင်းမြို့နယ် ဈေးဖြတ်လမ်း ထပ်ပိုးကတ္တရာလမ်းသစ်ဖွင့်ပွဲကို မတ် ၂၅ ရက်က အဆိုပါလမ်းသစ်ဖွင့်ပွဲမှခ်ဦး၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညွန့်တင်နှင့် အမှုဆောင်အရာရှိ ဦးသက်ထွန်းစံတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြန်မာ့အလင်း)

◆ *ကျောဖုံးမှ*

ပြုလုပ်ပေးပါက ပိုမိုအကျိုးသက်ရောက်မှုရှိကြောင်း ၎င်းတို့က ပြောကြားသည်။

အမေရိကန်သုတေသနပညာရှင်များက ကြွက်များအား လက်ဖက်ခြောက်တွင် ပါဝင်သော ကဖိန်းဓာတ်ကို ခန္ဓာကိုယ်အတွင်း ထိုးသွင်းပြီး ဓာတ်အားချိတ်ဆက်ထားသော ပြေးစက်ပေါ်တွင် ကြွက်ကိုထားရှိကာ ကိုယ်လက်လေ့ကျင့်ခန်း ပြုလုပ်စေပြီး သုတေသနပြုခဲ့ရာမှ အထက်ပါအတိုင်းတွေ့ရှိခဲ့ခြင်းဖြစ်သည်။

ကဖိန်းဓာတ်တစ်မျိုးတည်း အသုံးပြုလျှင် အရေပြားကင်ဆာဖြစ်ပွားမှုနှုန်းကို ၆၂ ရာခိုင်နှုန်းသာ ဟန့်တားနိုင်ပြီး ကဖိန်းဓာတ်နှင့်လေ့ကျင့်ခန်းတွဲပြီး ပြုလုပ်မှသာ အရေပြားကင်ဆာဖြစ်ပွားမှုကို ၈၅ ရာခိုင်နှုန်းအထိ ကာကွယ်ဟန့်တားနိုင်သည်ဟု ဆို၏။

ထို့ကြောင့် ရေနွေးကြမ်းသောက်ပြီး ကိုယ်လက်လေ့ကျင့်ခန်းမှန်မှန်ပြုလုပ်ပါက အရေပြားကင်ဆာဖြစ်ပွားမှုကို ဟန့်တားကာကွယ်နိုင်ကြောင်း အမေရိကန်သုတေသနပညာရှင်များက ပြောကြားသည်။ ***(အင်တာနက်)***

မတ် ၂၄ ရက်က ရန်ကုန်မြို့ ကုန်သည်ကြီးများ ဟိုတယ်တွင် Asia Beverages Co.,Ltd. မှ ၎င်းတို့၏ ထုတ်ကုန်ပစ္စည်းများကို ကူညီဖြန့်ဖြူးရောင်းချသူများအား ဂုဏ်ပြုပွဲကျင်းပစဉ်။ (မြန်မာ့အလင်း)

သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ ဆိုင်ကယ်များ စီးနင်းခြင်း မပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ်ပါသည်။

နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ။

မန္တလေးမဟာသင်္ကြန်ရေသဘင်ပွဲ ပါဝင်ဆင်နွှဲရန် ပြင်ဆင်နေကြပြီ

သတင်းမှတ်စုနှင့်ဓာတ်ပုံ - မောင်မောင်စိုး(မြစ်ငယ်)

မန္တလေး ဧပြီ ၁၀

မြန်မာသက္ကရာဇ် ၁၃၇၃ ခုနှစ် မန္တလေးမြို့ မြန်မာ့ရိုးရာမဟာသင်္ကြန် ရေသဘင်ပွဲတော်ကြီးကို ရိုးရာယဉ်ကျေးမှုနှင့်အညီ မန္တလေးမြို့နေ ပြည်သူများ အေးချမ်းပျော်ရွှင်စွာဖြင့် ဆင်နွှဲနိုင်ရန်အတွက် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့က မန္တလေးမြို့တော်ဝန် ရေကစားမဏ္ဍပ်၊ တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များနှင့် ကုမ္ပဏီများ၏ ရေကစားမဏ္ဍပ်စသည်ဖြင့် ရေကစားမဏ္ဍပ် ၃၆ ခုကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ခွင့်ပြုခဲ့သဖြင့် မဏ္ဍပ်များကို မန္တလေးမြို့ ကျုံးပတ်လည် လမ်းများပေါ်တွင် အပြိုင်အဆိုင် ဆောက်လုပ်လျက်ရှိကြသည်။

ဆောက်နေ

မန္တလေးတိုင်းဒေသကြီး မန္တလေးစည်ပင်သာယာရေး နယ်နိမိတ်လမ်းများဖြစ်သော ၂၆ လမ်း ကျုံးတောင်ဘက်တွင် အလှပြမဏ္ဍပ်နှစ်ခုနှင့် ရေကစားမဏ္ဍပ် ၁၇ ခု၊ ၆၆ လမ်း ကျုံးအရှေ့ဘက်တွင် အလှပြမဏ္ဍပ်တစ်ခုနှင့် ရေကစားမဏ္ဍပ် ၁၁ ခု၊ လမ်း ၈၀ ကျုံးအနောက်ဘက်တွင် အလှပြမဏ္ဍပ်တစ်ခု၊ ရေကစားမဏ္ဍပ်သုံးခု၊ မြို့တွင်းအလှပြမဏ္ဍပ်တစ်ခု စုစုပေါင်း ၃၆ ခု တည်ဆောက်နေပြီဖြစ်သည်။

ရွှေမန်းမြို့၏ ကျုံးတောင်ဘက် ၂၆ လမ်းတွင် နွေဦးမေရေကစားမဏ္ဍပ်၊ ALPINE ရေကစားမဏ္ဍပ်၊ A.R Star(XIN XING) ရေကစားမဏ္ဍပ်၊ LOLLI POP ချမ်းအေးမဏ္ဍလာမဏ္ဍပ်၊ SUMMER HOLDAY ရေကစားမဏ္ဍပ်၊ Lazy Club ရေကစားမဏ္ဍပ်၊ မြို့တော်စည်ပင်ရေကစားမဏ္ဍပ်၊ အလယ်ပိုင်းတိုင်း(နန်းမြို့သူ) ရေကစားမဏ္ဍပ်၊ FANTASTIC ရေကစားမဏ္ဍပ်၊ DOMINO FAMILY ရေကစားမဏ္ဍပ်၊ TRANSFORMER ရေကစားမဏ္ဍပ်၊ မောင့်ဖူးစာရှင်ရေကစားမဏ္ဍပ်၊ နွေရတီ ရေကစားမဏ္ဍပ်၊ WAR FESTIVAL ရေကစားမဏ္ဍပ်၊ စိန်စမွယ်ဖူး ရေကစားမဏ္ဍပ်၊CRYSTAL (တော်ဝင်စိန်တိုက်)၊ MARTIME (Platinum) ရေကစားမဏ္ဍပ်နှင့် ကျုံးအရှေ့ဘက် ၆၆ လမ်းတွင် မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း ရေကစားမဏ္ဍပ်၊ JLANN ရေကစားမဏ္ဍပ်၊ SPY(DJ-CLEAN) ရေကစားမဏ္ဍပ်၊ WIN(AVATAR) ရေကစားမဏ္ဍပ်၊ မန္တလေး-ရန်ကုန်လမ်းညွှန် ရေကစားမဏ္ဍပ်၊ စကားဝါမြေရေကစားမဏ္ဍပ်၊ မင်းသီရိရေကစားမဏ္ဍပ်၊ CRYSTAL LIGHT ရေကစားမဏ္ဍပ်၊ မြတ်ရွှေနဒီ ရေကစားမဏ္ဍပ်၊ တပ်မတော်လေ ရေကစားမဏ္ဍပ်၊ TOKYO-YANKEE ရေကစားမဏ္ဍပ်၊ လမ်း ၈၀ကျုံးအနောက်ဘက်တွင် ရှမ်းတိုင်းရင်းသားရေကစားမဏ္ဍပ်၊ ထက်မြက်ရေကစားမဏ္ဍပ်နှင့် မြဝတီရေကစားမဏ္ဍပ်တို့ဖြစ်ကြပြီး ကျုံးမြောက်ဘက် ၁၂ လမ်းတွင် ရေကစားမဏ္ဍပ်များ မရှိပေ။

အဆိုပါ ရေကစားမဏ္ဍပ်များတွင် မည်သူမဆိုပျော်ရွှင်စွာ ပါဝင်ရေကစားနိုင်ပြီး တစ်ဦးလျှင် အကြိုနေ့တွင် ငွေကျပ် ၅၀၀၀၊ သင်္ကြန်အကျနေ့တွင် ငွေကျပ် ၈၀၀၀၊ ပထမအကြတ်နေ့တွင် ငွေကျပ် ၁၀၀၀၀နှင့် ဒုတိယအကြတ်နေ့တွင် ငွေကျပ် ၁၂၀၀၀၊ သင်္ကြန်အတက်နေ့တွင် ငွေကျပ် ၁၅၀၀၀ပေး၍ မြန်မာ့ရိုးရာ သင်္ကြန်ကို ပါဝင်ဆင်နွှဲနိုင်ကြောင်း သိရသည်။

ရခိုင်ရိုးရာယဉ်ကျေးမှုအတာသင်္ကြန်ပွဲတော် သိမ်ဖြူကွင်း၌ကျင်းပမည်

ရန်ကုန် ဧပြီ ၁၀

ရခိုင်ရိုးရာသင်္ကြန်ရေသဘင်ပွဲတော် ဖြစ်မြောက်ရေးကော်မတီမှ ကြီးမှူးကျင်းပသည့် န၀မအကြိမ်မြောက် ရခိုင်ရိုးရာရေသဘင်ပွဲတော်ကို ဧပြီ ၁၁ ရက်မှ ဧပြီ ၁၆ ရက်အထိ မင်္ဂလာတောင်ညွန့် သိမ်ဖြူယာဉ်မောင်းသင်ကွင်း၌ ကျင်းပရန် စီစဉ်ထားရှိကြောင်း သိရှိရသည်။

“အရင်နှစ်တွေကထက် ပိုပြီး စည်ကားမယ့်ပွဲဖြစ်ပါတယ်။ အဆင့်သုံးဆင့်နဲ့ ကျင်းပသွားမှာဖြစ်ပြီး ဧပြီ ၁၁ ရက်မှာ ရခိုင်ရိုးရာ နံ့သာသွေးပွဲကျင်းပမှာ ဖြစ်ပါတယ်။ ဧပြီ ၁၂ ရက်မှာတော့ မြတ်စွာဘုရားကို ရခိုင်ရိုးရာယဉ်ကျေးမှုနဲ့အညီ ရေသပ္ပာယ်ပွဲကို ကျင်းပမည်ဖြစ်ကာ ဧပြီ ၁၃ ရက်မှ စတင်ကာ ၁၆ ရက်အထိ ရေသဘင်ပွဲနှင့် ဖျော်ဖြေရေး အစီအစဉ်များကို ဆောင်ရွက်ထားပါတယ်” ဟု ဖြစ်မြောက်ရေးကော်မတီ အတွင်းရေးမှူး ရခိုင်အမျိုးသား ဒေါက်တာ စံလှကျော်က ပြောကြားသည်။

ရခိုင်ရိုးရာ ရေကစားမဏ္ဍပ်များ၌ ရခိုင်အမျိုးသမီးလေးများအား ရခိုင်အမျိုးသားများက မိမိရေပက်လိုသည့် အမျိုးသမီးရှိရာ မဏ္ဍပ်လှူကြီးများထံ ခွင့်တောင်းခံကာ ရေလောင်းနိုင်ကြပြီး အမျိုးသမီးလေးများကလည်း မိမိတို့ထံလာရောက် ရေလောင်းသည့် လူပျိုများအား ပြန်လည်ရေပက်ကြသည့် ရိုးရာသင်္ကြန်ပွဲကလေးဖြစ်ကာ ရန်ကုန်မြို့ရောက် ရခိုင်လူမျိုးများအပြင် မြန်မာလူမျိုးများကပါ စိတ်ဝင်တစားလာရောက်ရေပက်ကြကြောင်း သိရှိရသည်။ ရေများကို လောင်းလှေများအတွင်း ထည့်သွင်းကာ အမျိုးသမီးများနှင့် အမျိုးသားများ မျက်နှာချင်းဆိုင် အနေအထားနှင့် စည်းကမ်းတကျ ရေပက်ကစားနိုင်အောင် စီစဉ်ထားရှိပြီး ယခုနှစ်အတွက် မြောက်ဦးမြို့နယ် ကိုယ်စားပြု နန်းသူရေလောင်းမဏ္ဍပ်၊ ကျောက်တော်မြို့နယ်မှ ကစ္ဆပပျိုဖြူမဏ္ဍပ်၊ ရမ်းဗြဲမှ ရာမ္မာဝတီလှပျိုဖြူနှင့် မာန်အောင်မြို့နယ်မှ မေဃဧကရီ၊ ကျောက်ဖြူမှ သဏ္ဍာမြေပေါက်တောမြို့နယ်မှ သဇင်မေရို့ပျော်ရာမြို့မဏ္ဍပ်နှင့် ဘူးသီးတောင်မြို့နယ်အသင်းမှ စိုးတင်အားမာန်၊ ရသေ့တောင်မြို့နယ်မှ မေယုသဇင်၊ မောင်တောမြို့နယ်မှ မေယုပျိုဖြူမဏ္ဍပ်၊ မင်းပြားမှ ရာမောင်ပျိုဖြူကိုန်းရိပ်သူ မဏ္ဍပ်၊ မြေပုံမှ ဟန်တာကမ်းသူ၊ ရခိုင် အမျိုးသမီးအသင်းမှ မြတ်ပန်းသဇင်မဏ္ဍပ်နှင့်ရခိုင်မောင်မယ်အသင်းမှ စောင့်လေမျိုးနွယ်မဏ္ဍပ်များဖြင့် မဏ္ဍပ်ပေါင်း ၁၃ ခုပါဝင်ကာ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း ကော်မတီမှ တာဝန်ရှိသူက ရှင်းပြသည်။ **(ခင်ရတနာ)**

ရခိုင်သမီးပျိုလေးများအား ပြီးခဲ့သည့်နှစ် ရခိုင်ရိုးရာရေသဘင်ပွဲ၌ မြင်တွေ့ရစဉ်။

သင်္ကြန်မှာမီးသတ်ရေငုတ်ပိုက်များမှ ရေသွယ်ကစားလျှင်အရေးယူမည်

သတင်းနှင့်ဓာတ်ပုံ-သက်ထက်ကို

သင်္ကြန်ရက်များအတွင်း မီးငြိမ်းသတ်ရေးအတွက် အသင့်ထားရှိသော မီးသတ်ရေငုတ်ပိုက်များမှ သွယ်ယူ၍ ရေကစားခြင်းကို သက်ဆိုင်ရာက တားမြစ်ထားသည်။ (ယာပုံ)

ပြောကြား

“တကယ်တော့ ဒီရေငုတ်ပိုက်တွေက မီးလောင်တဲ့အခါ မီးငြိမ်းသတ်နိုင်အောင်လို့ အဓိကထားရှိတာဖြစ်ပါတယ်။ အခုလို သင်္ကြန်မှာ ရေကစားဖို့ကို ခွင့်မပြုပါဘူး၊ ဖွင့်သုံးမယ်ဆိုထိရောက်စွာ အရေးယူသွားမှာပါ” ဟု မီးသတ်ရုံးချုပ်မှ တာဝန်ရှိသူတစ်ဦးက မြန်မာ့အလင်းသို့ ပြောကြားသည်။

မီးလောင်သည့်အခါ မီးငြိမ်းသတ်နိုင်ရေးအတွက် အလွယ်တကူအသုံးပြုနိုင်ရန် ယခုအခါ အချို့သောမြို့နယ်အတွင်းရှိ မီးသတ်ရေငုတ်ပိုက်များကို ပြန်လည်ဖော်ထုတ်၍ ထားရှိသည့်အပြင် လူနေရပ်ကွက်ကြီးများ၊ ဈေးကြီးများ၊ ဂိုဒေါင်နှင့် စက်သုံးဆီဆိုင်ကြီးများ အနီးတွင် မီးသတ်ရေငုတ်အသစ်များ တပ်ဆင်၍ သက်ဆိုင်ရာရပ်ကွက် အုပ်ချုပ်ရေးမှူးများ၊ ဈေးတာဝန်ခံများထံ အပ်နှံ၍ ဝင်းခြံများခတ်ကာ ထိန်းသိမ်းထားကြောင်း သိရသည်။



အခြေခံစားသောက်ကုန်ဈေးနှုန်း သင်္ကြန်အမှီပြုကာ ဈေးမြင့်လာ

ရန်ကုန် ဧပြီ ၁၀

သင်္ကြန်ကာလနီးကပ်လာခြင်းကြောင့် ရန်ကုန်မြို့ရှိ အခြေခံစားသောက်ကုန် အချို့ဈေးနှုန်းများ မြင့်တက်လာနေကြောင်း ရောင်းချသူနှင့် ဝယ်ယူသူများထံက သိရှိရသည်။

“နှစ်စဉ်နှစ်တိုင်း သင်္ကြန်ကာလနီးလာရင် ကုန်ဈေးနှုန်းတွေက အနည်းနဲ့အများဆိုသလို တက်သွားတတ်ပါတယ်။ အခုခေတ်တွေမှာ စားသောက်ကုန်တွေကို သင်္ကြန်ရက်တွေမှာလည်း လွယ်လွယ်ကူကူနဲ့ ဝယ်လို့ရနေပေမယ့် ရှေးရိုးအစဉ်အလာတိုင်း သင်္ကြန်နီးပြီဆိုတာနဲ့ ဈေးက အလိုလိုတက်လာတော့တာပဲ။ စားအုန်းဆီဈေးဆိုရင် တစ်ပိဿာကို သုံးရာနီးပါးအထိ ဈေးမြင့်လာတယ်” ဟု ဘုရင့်နောင်ရှိ အခြေခံစားကုန်ပွဲရုံတစ်ခုမှ မန်နေဂျာက ဆိုသည်။

အိမ်ရှင်မတို့ မဖြစ်မနေ ဝယ်ယူကြရသော ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် အာလူး၊ ဆန်၊ ဆီနှင့် ငရုတ်သီးဈေးနှုန်းများမှာ မူလထက် ယခုဧပြီပထမပတ်ကုန်အတွင်း ဈေးနှုန်းများမြင့်တက်လာခဲ့ခြင်းဖြစ်သည်။

“ကုန်ဈေးနှုန်းတွေက အတက်ဘက်ကို ဦးတည်နေတော့ ဆန်ဈေးတွေမြင့်တာလည်း မဆန်းပါဘူး။ အရင်ကပေါ်ဆန်းမွှေးအလတ်စားရိုးရိုးတစ်ပြည်ကိုငွေကျပ် ၁၁၀၀ ကနေ အခုဆိုရင် ငွေကျပ် ၁၃၀၀ နဲ့ ဝယ်စားရတယ်။ စားအုန်းဆီတွေကလည်း တစ်ပိဿာကို ငွေကျပ် ၁၈၀၀ စွန်းစွန်းကနေ အခုဆိုရင် တစ်ပိဿာကို ငွေကျပ် ၂၁၀၀နဲ့ ဝယ်ရတယ်။ ပဲဆီတွေလည်း ရိုးရိုးကို တစ်ပိဿာငွေကျပ် ၂၇၀၀က နေ အခုဆိုရင် ငွေကျပ် ၃၀၀၀ဖြစ်နေတယ်။ ရာသီစာ ကောက်ညှင်းဆန်လည်း တစ်ပြည်ကို ငွေကျပ် ၃၀၀ ခုန်တက်သွားပါတယ်။ သင်္ကြန်စာပြုလုပ်ရာမှာ မရှိမဖြစ်တဲ့ ထန်းလျက်ကလည်း တစ်ပိဿာကို ငွေကျပ် ၇၅၀ ကနေ ငွေကျပ် ၉၀၀ ဖြစ်လာတယ်။ ကြက်သွန်နီကလည်း တစ်ပိဿာကို ငွေကျပ် ၆၀၀ လောက်အထိ ဈေးမြင့်တက်လာပါတယ်” ဟု နေ့စဉ် ဈေးဝယ်နေသူ အိမ်ရှင်မများက တညီတညွတ်တည်း ပြောကြားသည်။

မြင့်တက်လာ

သင်္ကြန်ရက်များအတွင်း သင်္ကြန်စာများနှင့် အလှူအတန်းများ ပေါများခြင်း၊ ရောင်းချသူများနည်းပါးခြင်းတို့ကြောင့် ယခုကဲ့သို့ သင်္ကြန်နီးလာသည်နှင့် ဈေးနှုန်းများ မြင့်တက်လာခြင်းဖြစ်ကြောင်း သိရသည်။ **(ခင်လေးမြင့်အောင်)**

သင်္ကြန်တွင်း အရေးပေါ် မေးလိုရာမေး Call Center

ရန်ကုန် ဧပြီ ၁၀

မဟာသင်္ကြန်ရက်များအတွင်း ၂၄ နာရီဝန်ဆောင်မှုပေးကာ မေးမြန်းမှုများအား ဖြေကြားပေးမည့် Call Center ကို ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

“သင်္ကြန်ရက်တွေမှာလည်း ပုံမှန်ပေးနေကျအတိုင်း ၂၄ နာရီဝန်ဆောင်မှုပေးသွားမှာဖြစ်ပြီး ဈေးနှုန်းကိုလည်း တစ်မိနစ်ကို ငွေကျပ်၃၀နဲ့ အရင်းအတိုင်းပဲကျခံရမှာပါ။ လက်ရှိဝန်ဆောင်မှုပေးနေတဲ့ ကဏ္ဍငါးခုလုံးကို ပုံမှန်ဆောင်ရွက်လျက်ရှိမှာ ဖြစ်ပါတယ်” ဟု Call Center မှ တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။ Call Center ၏အောင်မြင်သည့် ဝန်ဆောင်မှုတစ်ခုဖြစ်သော မိမိသိလိုသမျှ မေးမြန်းနိုင်သည့် Call Center ၏ Information Desk ဝန်ဆောင်မှုများကို သင်္ကြန်ရက်များအတွင်း ဖွင့်လှစ်ထားခြင်းကြောင့် ရုံးပိတ်ရက်ရှည်ကာလ အရေးပေါ် သိရှိလိုသည်များကို အလွယ်တကူ သိရှိနိုင်မည်ဖြစ်သည့်အတွက် အများစုက စိတ်ဝင်စားကြကြောင်း သိရှိရသည်။

Call Center အနေဖြင့် Information Desk အပြင် စီးပွားရေးလုပ်ငန်းများအတွက် ကုမ္ပဏီများ၏ ဖုန်းအဝင်အထွက်များ၊ ကုန်ပစ္စည်းအမှာများနှင့် အခြားစီးပွားရေးနှင့် ပတ်သက်သည့်ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးနိုင်ကြောင်း သိရှိရသည်။ သင်္ကြန်ကာလအတွင်း ဆက်သွယ်ရေးနှင့် အခြားသတင်းအချက်အလက်များ၊ အထွေထွေစုံစမ်းသိရှိလိုမှုများနှင့် နည်းပညာအချက်အလက်များကို နံပါတ် ၁၈၇၆ သို့ခေါ်ဆိုကာ အရေးပေါ်မေးမြန်းနိုင်ကြကြောင်း သတင်းကောင်း ပါးလိုက်ရပါသည်။ **(သွန်းဝသန်)**

ပျော်ရွှင်ဆင်နွှဲ မြန်မာ့ရိုးရာ သင်္ကြန်ပွဲ

ပြည်ထောင်စုဝန်ကြီးဦးတင့်ဆန်းအား ထိုင်း-မြန်မာယဉ်ကျေးမှုနှင့် စီးပွားရေးအသင်းဥက္ကဋ္ဌတွေ့ဆုံ

နေပြည်တော် ဧပြီ ၁၀

မြန်မာနိုင်ငံအမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းအား ထိုင်း-မြန်မာယဉ်ကျေးမှုနှင့် စီးပွားရေးအသင်း ဥက္ကဋ္ဌ GENERAL CHETTA THANAJARO ဦးဆောင်သောအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံရာတွင် မြန်မာ-ထိုင်း ယဉ်ကျေးမှုနှင့် စီးပွားရေးအသင်း ပြန်လည်ဖွဲ့စည်းရေး၊ မြန်မာနိုင်ငံ၏ ဘုံပိုင် ရေသွယ်ယူရေးဆိုင်ရာ နည်းစနစ်များအကူအညီပေးရေး၊ မြန်မာ-ထိုင်းပညာရေးကဏ္ဍ၊ ယဉ်ကျေးမှုကဏ္ဍများ အပြန်အလှန်ဖလှယ်ရေးနှင့် ခရီးသွားလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူနှင့် တာဝန်ရှိသူများ၊ ထိုင်း-မြန်မာယဉ်ကျေးမှုနှင့် စီးပွားရေးအသင်းအတွင်းရေးမှူး Gen Tawee Sup နှင့်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံအမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းအား ထိုင်း-မြန်မာယဉ်ကျေးမှုနှင့် စီးပွားရေးအသင်းဥက္ကဋ္ဌ GENERAL CHETTA THANAJARO ဦးဆောင်သောအဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပထမအကြိမ် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကျင်းပ

နေပြည်တော် ဧပြီ ၁၀

ပထမအကြိမ် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို ဧပြီ ၉ ရက် နံနက် ၁၀ နာရီတွင် ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဆန်းဆင့်နှင့် လွှတ်တော်ကိုယ်စားလှယ် (၆၆)ဦးတို့ တက်ရောက်ကြသည်။

အဆိုတင်သွင်း

အစည်းအဝေးတွင် မေးခွန်း (၁၄)ခုဖြေကြားခြင်း၊ ၂၀၁၂ ခုနှစ် ဧရာဝတီတိုင်းဒေသကြီး ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ဆွေးနွေးခြင်း၊ ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ သမဝါယမအသင်းဥပဒေကြမ်း ရေးဆွဲနိုင်ရေးအဆိုကို တင်သွင်းခြင်း၊ အရန်ဆန်စဝယ်ယူခြင်းအား ဝန်ထမ်းရိက္ခာ ထောက်ပံ့ရေးနှင့် ဆက်စပ်ဆောင်ရွက်ရေး တိုင်းဒေသကြီး အစိုးရအဖွဲ့သို့ တိုက်တွန်းကြောင်း အဆိုကို ပြန်လည်ရုပ်သိမ်းခြင်းတို့ ဆောင်ရွက်ကြပြီး အစည်းအဝေးကို ညနေ ၃ နာရီတွင် ရပ်နားလိုက်သည်။ **(သတင်းစဉ်)**

ပထမအကြိမ် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ ကျင်းပစဉ်။ (သတင်းစဉ်)

မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီး ခရိုင်/မြို့နယ်များ၌ ဒုတိယဝန်ကြီး ဒေါက်တာကံဇော် စီမံကိန်းများရေးဆွဲဖော်ဆောင်ရေးဆွေးနွေး

နေပြည်တော် ဧပြီ ၁၀

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကံဇော်သည် ဗဟိုစာရင်းအင်းအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဆန်းမြင့်နှင့် အဖွဲ့ဝင်များလိုက်ပါလျက် ဧပြီ ၆ ရက် နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် မြို့တော်ခန်းမ၌ စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီဝင်များ၊ ညောင်ဦး၊ ကျောက်ပန်းတောင်း၊ တောင်သာ၊ နွားထိုးကြီး၊ မြင်းခြံ ခရိုင်/မြို့နယ် စီမံကိန်းဦးစီးရုံးများမှ အရာထမ်း၊ အမှုထမ်းများနှင့်လည်းကောင်း၊ မွန်းလွဲပိုင်းတွင် မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြို့တော်ခန်းမ၌ စီမံကိန်းများရေးဆွဲ အကောင်အထည်ဖော်ရေး ကော်မတီဝင်များ၊ ပခုက္ကူ မြိုင်၊ ရေစကြို ခရိုင်/မြို့နယ် စီမံကိန်းဦးစီးရုံးများမှ အရာထမ်း၊ အမှုထမ်းများနှင့် လည်းကောင်း၊ ဆက်လက်၍ ဧပြီ ၇ ရက်တွင် ချောက်မြို့နယ် စီမံကိန်းဦးစီးရုံး၌ စီမံကိန်းများရေးဆွဲအကောင်အထည်ဖော်ရေး ကော်မတီဝင်များ၊ ချောက်မြို့နယ်၊ ဆိပ်ဖြူမြို့နယ် စီမံကိန်း ဦးစီးရုံးများမှ အရာထမ်း၊ အမှုထမ်းများနှင့်လည်းကောင်း၊ စလင်းမြို့နယ် စီမံကိန်းဦးစီးရုံး၌ စလင်းမြို့နယ်၊ ပွင့်ဖြူမြို့နယ်၊ စေတုတ္တရာမြို့နယ် စီမံကိန်းဦးစီးရုံးများမှ အရာထမ်း၊ အမှုထမ်းများနှင့် လည်းကောင်း။

တွေ့ဆုံ

ဧပြီ ၈ ရက်တွင် မင်းဘူးခရိုင် စီမံကိန်းဦးစီးရုံး၌ စီမံကိန်းများရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီဝင်များ၊ မင်းဘူး၊ စကု၊ ငဖဲ၊ မင်းလှမြို့နယ် စီမံကိန်းဦးစီးရုံးများမှ အရာထမ်း၊ အမှုထမ်းများနှင့်လည်းကောင်း၊ မွန်းလွဲပိုင်းတွင် မကွေးတိုင်းဒေသကြီး တိုင်းဒေသကြီး စီမံကိန်းဦးစီးရုံး၌ တိုင်းဒေသကြီးစီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးမြင့်နိုင်၊ စီမံကိန်းများရေးဆွဲ အကောင်အထည်ဖော်ရေးကော်မတီဝင်များ၊ မကွေး၊ ရေနံချောင်း၊ တောင်တွင်းကြီး၊ မြို့သစ်၊ နတ်မောက်၊ ဆင်ပေါင်ဝဲ ခရိုင်၊ မြို့နယ် စီမံကိန်းဦးစီးရုံးများမှအရာထမ်း၊ အမှုထမ်းများနှင့် လည်းကောင်း တွေ့ဆုံဆွေးနွေးခဲ့သည်။

ဆွေးနွေးဖြည့်ဆည်း

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် ဒုတိယဝန်ကြီး ဒေါက်တာကံဇော်က အဆင့်ဆင့်သော စီမံကိန်းများရေးဆွဲ အကောင်အထည်ဖော်ရေးကော်မတီများအနေဖြင့် သက်ဆိုင်ရာဌာနများ၊ ဒေသအတွင်းရှိ စီးပွားရေး၊ လူမှုရေး အသင်းအဖွဲ့များ၊ မြို့မိမြို့ဖများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ညှိနှိုင်းပြီး နိုင်ငံပိုင်ကဏ္ဍ၊ သမဝါယမ/အဖွဲ့အစည်းများကဏ္ဍ၊ ပုဂ္ဂလိကကဏ္ဍစသည့် နယ်ပယ်ကဏ္ဍ သုံးရပ်လုံးမှ စာရင်း ဇယားများ၊ ကိန်းဂဏန်းများ တိကျမှန်ကန်စွာ ကောက်ယူပေးနိုင်ရေးနှင့် ဒေသန္တရစီမံကိန်း၊ မြို့ပြ၊ ကျေးလက်ဖွံ့ဖြိုးရေး စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်နိုင်ရေး၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်များ အကောင်အထည်ဖော်နိုင်မှုအခြေအနေများကို ပြန်လည်သုံးသပ်တင်ပြနိုင်ရေး၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ဥပဒေပါ ပြဋ္ဌာန်းချက်များကို ပြည့်မီစွာ အကောင်အထည်ဖော်နိုင်ရေး၊ ပဉ္စမကာလတို ငါးနှစ်စီမံကိန်းများ ဖြည့်စွက်ရေးဆွဲရေးလုပ်ငန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ လုပ်ငန်းစဉ် (၈)ရပ်ကို ထိထိရောက်ရောက်အကောင်အထည်ဖော်ရေးကိစ္စရပ်များ၊ ပေါင်းစည်း စစ်တမ်းကောက်ယူနိုင်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးပြောကြားခဲ့ပြီး တက်ရောက်လာသူများ၏ တင်ပြဆွေးနွေးချက်များအပေါ် ပြန်လည် ရှင်းလင်းဆွေးနွေးဖြည့်ဆည်းပေးခဲ့သည်။ **(သတင်းစဉ်)**

အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကံဇော် မကွေးတိုင်းဒေသကြီး တိုင်းဒေသကြီး စီမံကိန်းဦးစီးရုံး၌ တိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးမြင့်နိုင်၊ စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ရေး ကော်မတီဝင်များ၊ မကွေး၊ ရေနံချောင်း၊ တောင်တွင်းကြီး၊ မြို့သစ်၊ နတ်မောက်၊ ဆင်ပေါင်ဝဲ ခရိုင်/မြို့နယ် စီမံကိန်းဦးစီးရုံးများမှ အရာထမ်း၊ အမှုထမ်းများအား တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)

မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန် ဆင်နွှဲသူများလိုက်နာရန် တိုက်တွန်းနှိုးဆော်ချက်

(က) မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်နှင့် ဖီလာဆန့်ကျင်ပြီး မြန်မာလူမျိုးများ၏အမြင်တွင် မတင့်တယ်သည့် ဝတ်စားဆင်ယင်မှု ပြုမူပြောဆိုမှုများ မပြုလုပ်ရန်။

(ခ) ဗုဒ္ဓဘာသာယဉ်ကျေးမှုအဆုံးအမနှင့်ဖီလာဆန့်ကျင်သည့် အပြု အမူ ပြောဆိုမှုများ မပြုလုပ်ရန်။

(ဂ) အချင်းချင်းဒုက္ခရာအနာတရဖြစ်စေပြီး အန္တရာယ်ဖြစ်စေသည့် ကြမ်းတမ်းသည့် ရေကစားမှုများ မပြုလုပ်ရန်။

(ဃ) တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပျက်ပြားစေပြီး ဆူပူမှုကို ဖြစ်စေနိုင်သည့် လှုံ့ဆော်ဖန်တီးပြုမူပြောဆိုမှု၊ ကြိုးပမ်းမှုများကို မပြုလုပ်ရန်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

❒ ***ရှေ့ဖုံးမှ***

အဆိုပါအစည်းအဝေးတွင် အပစ်အခတ်ရပ်စဲရေးရေရှည်တည်တံ့ခိုင်မြဲရေး၊ ဆက်ဆံရေးရုံးများ ဖွင့်လှစ်ထားရှိရေးကိစ္စများအား ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ရွှေဝါထွန်းဟိုတယ်၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က KNU အထွေထွေအတွင်းရေးမှူးချုပ် နော်စီဖိုးရာစိန်နှင့် ဗိုလ်ချုပ်ကြီးစောမူတူးစေးဖိုး ဦးဆောင်သည့်အဖွဲ့အား အမှတ်တရ လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ထို့နောက် တေးဂီတဖြင့်ဖျော်ဖြေပေးသော ဥဿာသံစဉ်တေးဂီတအဖွဲ့အား KNU အထွေထွေအတွင်းရေးမှူးချုပ် နော်စီဖိုးရာစိန်က ဂုဏ်ပြုပန်းခြင်းနှင့် ငွေကျပ်ငါးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်းက ဂုဏ်ပြုပန်းခြင်းနှင့် ငွေကျပ်ငါးသိန်းတို့ကို ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4

၁၁-၄-၂၀၁၂ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
- ၅:၂၀ MRTV- 4 သတင်း
- ၅:၄၀ **နှစ်သစ်မင်္ဂလာအခါတော်နေ့** တရားတော် (ညောင်ကန်အေးဆရာတော် ဒေါက်တာအရှင်ဣန္ဒက)
- ၁၀:၄၅ Celebrity Profile (2NEI) (Part-1)
- ၁၂:၀၅ ရန်ကုန်မြင်ကွင်းကျယ် (Prinus Solution ၏ ပစ္စည်းသစ်မိတ်ဆက်ပွဲ)
- ၂:၄၀ ၂၀၁၂ ခုနှစ် သင်္ကြန်အတွက် ကြိုတင်ပြင်ဆင်နေမှုများ
- ၄:၅၅ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၆:၁၅ ဖြူစင်ပါစေသင်္ကြန်ရေ
- ၆:၃၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အချစ်တေးသံရင်ခုန်သံ** (အပိုင်း-၄၉)
- ၇:၂၀ **နှစ်သစ်အကြို** **မြန်မာပြည်သိန်းတန်** Live Show(Part-11)
- ၇:၅၀ ခါသင်္ကြန်အဆိုအကများ
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ MRTV-4 **မြန်မာ့ရိုးရာသင်္ကြန်**
- ၉:၀၀ Celebrity Style (ခင်ဘုဏ်း)
- ၉:၂၀ Show Room (Part-3)
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ဘဝအားမာန်** (အပိုင်း-၃)
- ၁၁:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပိုပြောကောင်းတဲ့ချစ်သူ** (အပိုင်း-၉)
- ၁:၁၀ **Barclays Premier League Wigan Vs Man U**
- ၄:၅၀ ရှေးမူလက်ရာလေ့လာစရာ ဖိုလ်ဝင်နှင့်ရွှေဘတောင်တော်မှာ

Barclays Premier League ဘောလုံးပွဲစဉ်များ

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁:၁၀	Wigan - Man U	(ESPN) (MRTV-4)
၁:၁၀	Wolves - Arsenal	(Star Sports)

ပြင်ဆင် ဖတ်ရှုပါရန်

"၉-၄-၂၀၁၂ ရက်နေ့ထုတ်သတင်းစာ အချပ်ပို စာမျက်နှာ(က)၌ ဖော်ပြပါရှိသည့် အမှတ်စဉ်(၁)စစ်ကိုင်းပြည်သူ့လွှတ်တော်မဲဆန္ဒနယ်တွင် ဦးခင်မောင်သိန်းရရှိသည့် ခိုင်လုံမဲအား မဲလက်မှတ် (၉၃၇၂၁) ကြိုတင်မဲ(၉၈၂) ပေါင်း (၉၄၇၀၃) (အစား) မဲလက်မှတ် (၉၄၃၈၉) ကြိုတင်မဲ (၉၈၀) ပေါင်း (၉၅၃၆၉)ဟု လည်းကောင်း၊ ဦးစိုးနိုင်ရရှိသည့် ခိုင်လုံမဲအား မဲလက်မှတ် (၂၈၉၉၄) ကြိုတင်မဲ(၉၃၈) ပေါင်း(၂၉၉၃၂)(အစား) မဲလက်မှတ် (၂၈၃၂၆) ကြိုတင်မဲ(၉၄၀)ပေါင်း(၂၉၂၆၆)ဟု လည်းကောင်း ပြင်ဆင်ဖတ်ရှုပါရန်။"

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

မကွေးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေ၊ သောက်သုံးရေရရှိပြီး စိုက်ပျိုးစွမ်းအား မြင့်မားတိုးတက်စေရန်အတွက် တည်ဆောက်ပေးထားသော ရန်ပယ်ရေလှောင်တမံ

ရန်ပယ်ရေလှောင်တမံ

- ❒ မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ဝက္ကသေးကျေးရွာအနီး တည်ရှိသည်။
- ❒ မြေသားတမံအမျိုးအစားဖြစ်သည်။
- ❒ ပင်မတမံအလျား ပေ ၈၁၀၀၊ ကုန်းကြောတမံ (၁) အလျားပေ ၁၅၀၀၊ ကုန်းကြောတမံ (၂) အလျား ပေ ၆၀၀၀ ရှိသည်၊ တမံအမြင့် ၇၈ ပေ ရှိသည်။
- ❒ ကန်ရေပြည့် ရေလှောင်ပမာဏ ဧကပေ ၃၅၁၄၀ သိုလှောင်နိုင်သည်။
- ❒ ဆည်ရေသောက်ဧက ၁၀၀၀၀ ကို နွေစပါး၊ မိုးစပါးနှင့် မြေပဲ၊ နှမ်း၊ ပဲမျိုးစုံ စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေ ပေးဝေလျက်ရှိသည်။

ပင်မရေပေးမြောင်းမကြီးမှ စိုက်ပျိုးရေ လွှတ်ပေးစဉ်။

သတင်းမှတ်စု - မောင်ငြိမ်းအေး

အေးမြကြည်လင် သင်္ကြန်သမိုင်းစဉ်

ဝိသဇ္ဇက(ပဲခူး)

ဒို့ဘိုးဘွားအမွေ ချစ်မြတ်နိုးပေဟူသောစကားနှင့်အညီ မြန်မာတို့၏ ချစ်ခင်မြတ်နိုးတန်ဖိုးထားကာ အစဉ်တစိုက် ထိန်းသိမ်းစောင့်ရှောက်လာသော ရိုးရာယဉ်ကျေးမှု အမွေအနှစ်ပေါင်း မြောက်မြားစွာရှိသည်။

ရှေးရှေးပဝေသဏီကပင် မြန်မာများသည် တစ်ဦးခေါင်းမှတစ်ဦးခေါင်းသို့ လွှဲပြောင်းယူခဲ့သော တန်ဖိုးမဖြတ်နိုင်သည့် အမွေအနှစ်တစ်ခုသည် ရာသီအလိုက် ကျင်းပလျက်ရှိသောပွဲတော်အမျိုးမျိုးတို့၏ ယဉ်ကျေးမှုများပါဝင်သည်။

နိုင်ငံအသီးသီးရှိ လူအမျိုးမျိုးတို့သည် ကိုးကွယ်ရာ အယူအဆတို့ကို အခြေခံ၍ဖြစ်စေ၊ နေလနက္ခတ်တာရာတို့ကို အခြေခံ၍ဖြစ်စေ၊ ယဉ်ကျေးမှုဓလေ့ထုံးစံကို အခြေခံ၍ဖြစ်စေ၊ ပွဲတော်များ ကျင်းပကြသည်။ ထိုအထဲတွင် တစ်နှစ်ပြည့်မြောက်နှစ်ဟောင်းကုန်ဆုံး၍ နှစ်သစ်ကူးသောကာလကို နှစ်သစ်ကူးသင်္ကြန်ပွဲဟူ၍ ကျင်းပကြသည်။ မြန်မာတို့၏ရိုးရာယဉ်ကျေးမှုသည် သင်္ကြန်ပွဲတော်ကျင်းပလျက် နှစ်သစ်ကူးသည်။

မြန်မာ့နှစ်သစ်ကူးသင်္ကြန်ပွဲတော်သည် ကဆုန်ညောင်ရေသွန်းပွဲ၊ စာတော်ပြန်ပွဲ၊ ပဉ္စင်းခံရှင်ပြုပွဲ၊ ကထိန်ပွဲ စသောဘာသာရေးကို အခြေခံ၍ ကျင်းပသော ပွဲတော်မျိုးကဲ့သို့ မဟုတ်ဘဲ လောကီရေးရာပွဲတော်သာဖြစ်သည်။ နှစ်ဟောင်းမှ နှစ်သစ်သို့ အကူးအပြောင်းတွင် လူမျိုးတိုင်း မင်္ဂလာယူကြသည်။ မင်္ဂလာရှိအောင်လည်း လုပ်ကြသည်။ နှစ်သစ်ကူးသင်္ကြန်ပွဲတော်သည် လောကီရေးရာပွဲတော်ဖြစ်သော်လည်း ဗုဒ္ဓဘာသာတရားတော်အရ ကုသိုလ်ရေးများ၊ အလှူဒါနပွဲများ ခြိမ့်ခြိမ့်သဲသဲ ဆင်နွှဲကြခြင်း၊ စတုဒိသာကျွေးမွေးခြင်း၊ ရဟန်းသံဃာတော်များအား ဆွမ်းဘောဇဉ်များကပ်လှူခြင်း၊ ဗုဒ္ဓရုပ်ပွားတော်များအား ရေသပ္ပာယ်ခြင်း၊ ဥပုသ်သီတင်းဆောက်တည်ခြင်း၊ ဗုဒ္ဓတရားတော်၏ ပရိတ်တော်များနာကြားခြင်း၊ သက်ကြီးရွယ်အိုများအား ခေါင်းလျှော်ပေးခြင်း၊ ဘိုးဘွား မိဘ ဆရာသမားစသူတို့အား ပူဇော်ကန်တော့ခြင်း၊ ငါးလွှတ်ခြင်း၊ ကျွဲ/နွား စသည့်တိရစ္ဆာန်များကို ဘေးမဲ့လွှတ်ခြင်း စသော ကုသိုလ်ကောင်းမှုများပြုလုပ်သည့် အစဉ်အလာတစ်ရပ်ကို ဖန်တီးခဲ့ကြသည်။

သင်္ကြန်ဟူသောဝေါဟာရစကားသည် ပါဠိဘာသာ သက္ကတသက္ကဋ “သင်္ကန္တ”မှ ဆင်းသက်ကာ ပြောင်းရွှေ့ခြင်းဟူ၍ အဓိပ္ပာယ်ရသည်။ ဘာဏုရာဇာ အမည်ရှိသော တနင်္ဂနွေဂြိုဟ်မင်းသည် တစ်ရာသီလျှင် ရက်ပေါင်း ၃၀ ကျဖြင့် ၁၂ ရာသီစက်ဝန်းကြီးကို လှည့်လည်ခဲ့၍ တစ်ပတ်ပြည့်ဟုဆိုအပ်သော ၁၂ လ ၁၂ ရာသီ တို့၏အဆုံး မိန်ရာသီ တပေါင်းလ ရေဝတီနက္ခတ် စတုတ္ထပါဒ်မှ မိဿရာသီတန်ခူးလ အဿဝတီနက္ခတ် ပဌမပါဒ်လိတ္တာဦးသို့ ကူးပြောင်းခဲ့ခြင်းကြောင့်ဖြစ်သည်။ ယင်းသို့ တနင်္ဂနွေဂြိုဟ်မင်းသည် မိန်ရာသီမှ မိဿရာသီသို့ ကူးပြောင်းချိန်တွင် သင်္ကြန်ကျသည်ဟု ဗေဒင်ရှုထောင့်မှ ယူဆ၏။

သင်္ကြန်ဖြစ်ပေါ်ရခြင်းအကြောင်းကား ပုံပြင်ဒဏ္ဍာရီဆန်လှသည်ကို လေ့လာကြရပေမည်။ နှောင်းခေတ်လူငယ်များသိလိုပါက သိနိုင်ရန် ပုံပြင်ပမာဖော်ပြအပ်ပါသည်။

ယခင်ခေတ်ကာလများက သင်္ကြန်စာတွင် အစဉ်ဖော်ပြပါရှိသော သိကြားမင်း လူ့ပြည်သို့ဆင်းလာသည့်အခင်းသည် ကမ္ဘာဦးက ယင်းကိုယ်တိုင်ထားခဲ့သော ကတိသစ္စာကြောင့်ဖြစ်သည်ဟု လူကြီးသူမတို့ ဆိုရိုးပြုကြသည်။ ဤကမ္ဘာပေါ်စဥ်ဖြဟ္မာပြည်မှ ဗြဟ္မာတို့သည် ကမ္ဘာသစ်ကို စူးစမ်းရန်ဆင်းလာကြရာ မြေဆီမြေလွှာကို စားမိကာ တန်ခိုးပြယ်သွားကြသည်။ ထို့ကြောင့် မိမိနေရပ်သို့ မပြန်တတ်ရုံမက ကိုယ်ရောင်ကိုယ်ဝါများပါပျောက်ခဲ့ကြသဖြင့် ငိုယိုကြသည်။ ထိုအခါ သိကြားမင်းက ငွဲငွဲညှာညှာ နေလကြယ်တာရာတို့ကို သူတို့အတွက် ဖန်ဆင်းပေးခဲ့သည်။ တစ်နှစ်တစ်ခါ သူတို့ထံသို့ မှန်မှန်လာပါမည်ဟူ၍လည်း ကတိပြုကာ နှစ်သိမ့်ခဲ့သည်။ ယင်းကြောင့် သိကြားမင်းသည် တစ်နှစ်တစ်ခါ သင်္ကြန်ချိန်မှာ လူ့ပြည်လူ့ရွာသို့ မပျက်မကွက်လာခဲ့သည်ဆို၏။

တစ်ဖန် နတ်သမီးများတစ်နှစ်တစ်ယောက် ဦးခေါင်းပြတ်ကိုင်ဆောင်နေရပုံနှင့်ပတ်သက်၍လည်း လူကြီးသူမတို့က ဤသို့အယူရှိကြသည်။ ရှေးအခါက သိကြားမင်းနှင့်ဗြဟ္မာမင်းတို့သည် တစ်ပတ်တွင် ခုနစ်ရက်ရှိသည်။ ရှစ်ရက်ရှိသည်ဟု အငြင်းအခုန်ပြုကြရာမှ ဒေါသထွက်ပြီး ရှုံးသူခေါင်းဖြတ်စတမ်းဟုလောင်းတမ်းပြုကြသည်။ လူ့ပြည်မှကျော်ကြားသော နက္ခတ်ဗေဒင်ဆရာကဝိလမိုင်းထံ အဆုံးအဖြတ်ပေးရန် မေတ္တာရပ်ခံကြသည်။

ထိုဆရာ၏ တွက်ချက်အရ သိကြားမင်းက အနိုင်ရသွားသည်။ ဗြဟ္မာ၏ဦးခေါင်းကို မိုးကြိုးသွားဖြင့် ပစ်လိုက်သည်။ ထိုခေါင်းသည် ပူလောင်လွန်းလှ၍ ကုန်းပေါ်ပစ်လျှင် လူ၊ တိရစ္ဆာန်၊ သစ်ပင်အားလုံးလောင်ကျွမ်းသေဆုံးမည်။ မိုးပေါ်ပစ်လျှင် မိုးခေါင်စေမည်။ ရေထဲသို့ပစ်လျှင် သမုဒ္ဒရာကြီးပင်ခန်းခြောက်သွားမည်။ ထို့ကြောင့် သိကြားမင်းသည် နတ်သမီးခုနစ်ဖော်ကိုသာ အလှည့်ကျကိုင်ထားစေသည်ဟူ၏။ တစ်နှစ်ပြည့်၍ သင်္ကြန်ချိန်ခါရောက်သောအခါ ထိုဦးခေါင်းပြတ်ကို နတ်သမီးတို့သည် တစ်ယောက်လက်မှ တစ်ယောက်လက်သို့ လွှဲပြောင်းရှိသည်ဟူ၏။ သို့သော် ဤအဆိုတို့သည် ဒဏ္ဍာရီဆန်လွန်းလှသည်။

သင်္ကြန်ရေနှင့်ပတ်သက်၍ အချို့သောဗြဟ္မဏဝါဒီ ပညာရှင်က ကဝိလမိုင်းဆရာတော် ယူဆောင်လာသည့် ပိင်္ဂလဆင်၏ ဦးခေါင်းကို သိကြားမင်းက နတ်ရေစင် ပက်ဖျန်းပြီး ဦးခေါင်းမဲ့နေသည့် ဗြဟ္မာမင်း၏ ကိုယ်တွင်တပ်ဆင်လိုက်သောအခါ “မဟာပိန္နဲနတ်”အဖြစ် အသက်ရှင်လာသည်ဆို၏။ ဦးခေါင်းပြောင်းချိန်တွင် ရေပက်ဖျန်းကြသည့်ဓလေ့ပေါ်လာကြောင်းဆိုကြ၏။ ဤအယူအဆမှာ သင်္ကြန်ရေသည် အသက်ကိုရှင်စေ၊ ရှည်စေသော အာယုဒီယဘိသိက်ရေစင်ဖြစ်ပြီး အသက်ရှည်စေရန် သင်္ကြန်ရေစင်ဖြင့် ပက်ဖျန်းသွန်းလောင်းကြခြင်းဖြစ်သည်ဟု ယူဆ၏။ ထို့ကြောင့် မြန်မာလူမျိုး သက်ကြီးရွယ်အိုများသည် “သင်္ကြန်ရေတစ်စက် တစ်ပေါက်ဖြစ်ဖြစ် အပက်ခံကြ၊ အန္တရာယ်ကင်းတယ်” ဟူ၍ သားသမီးမြေးမြစ်တို့ကို ဆုံးမပြောဆိုနေဆဲ တွေ့ရသည်။

နှစ်သစ်ကူးသင်္ကြန်ခါတွင် ရေပက်ကစားသော အလေ့အထသည် ကပိလဝတ်ပြည်၌နေကြကုန်သော သာကီဝင်မင်းအပေါင်းတို့သည် နွေလသို့ရောက်သည့်အခါ တိုင်းပြည်အနီးရေအိုင်ကြီးတစ်ခုတွင် မင်းတဲများဆောက်ပြီး ရေဖျန်းသဘင်ပျော်ရွှင်စွာကစားကြကြောင်းကို သာသနာဝင်ကျမ်းကြီးများတွင်ဆို၏။ မြန်မာနိုင်ငံတွင်လည်း တရုတ်ပြေးမင်းခေါ် နရသီဟပတေ့မင်း လက်ထက်ကပင် ပေါ်ပေါက်နှင့်ပြီဟု မှန်နန်းရာဇဝင်တော်ကြီးတွင် မှတ်တမ်းတင်ထားသည်။

ရတနာပုံမန္တလေးခေတ် မြန်မာဘုရင်မင်းမြတ်များ လက်ထက်တော်က သင်္ကြန်ရေသဘင်ပွဲတော် ကျင်းပပြုလုပ်ပုံကို ရာဇဝင်မှ ကောက်နုတ်ဖော်ပြပါသည်။ သီပေါမင်းလက်ထက် သက္ကရာဇ် ၁၂၄၀ ပြည့်မှ ၁၂၄၁ ခုနှစ်သို့ကူးပြောင်းသည့် မဟာသင်္ကြန်အခါတော် ဖြစ်သည်။

သင်္ကြန်အခါတော်ကျမည့် အမြောက်ကြီးနှစ်လက်ကို လွှတ်တော်ရှေ့တွင် ဝဲယာစီစဉ်၍ အသင့်ထားရှိနှင့်ရသည်။ အရှေ့မျက်နှာ ဦးထိပ်တံခါးမှစ၍ ရွှေမြို့တော်တံခါး ၁၂ ရပ်တို့တွင် အမြောက်ကြီးနှစ်လက်ကျစီ စီစဉ်ထားနှင့်ရသည်။ သင်္ကြန်အခါတော်ကို လွှတ်တော်ရှေ့တွင် ခင်းထားသည့် အမြောက်ကြီးနှစ်လက်က စတင်အသံပေးလျှင် လက်ယာရစ်လှည့်၍ တံခါး ၁၂ ရပ်တွင် ခင်းထားသည့် အမြောက်များက သုံးချက်ကျစီ ပစ်ဖောက်၍ အသံပေးကြသည်။ ထိုအခါ ဓာတ်တော်၊ မွေတော်မြတ်တို့ ကိန်းဝပ်တော်မူသော ရုပ်ပွားတော်ပုံ၊ စည်သူရှင်ဘုရား၊ ရှင်မတောင်မြတ်ပေါင်း မဥ္ဇူဘုရား၊ ဒက္ခိဏသာခါဘုရား၊ သီဟတောဘုရား၊ ရှင်ဖြူဘုရား၊ နဂါးဘုရား၊ ဆုတောင်းပြည့်ဘုရားတို့အား မွှန်မြတ်သော ရေမွှေးရည်တို့ဖြင့် ဘဝရှင်မင်းတရားကြီးကိုယ်တော်တိုင် သပ္ပာယ်ပူဇော်တော်မူသည်။

ပြည်သူများလည်း အမြောက်သံအချက်ပေးသည်ကို ကြားသည်နှင့်တစ်ပြိုင်နက် အိမ်တိုင်းတွင် သပြေပန်းများထိုးထားသော အတာရေအိုးကလေးများဖြင့် ရေကို မြေပေါ်သို့ သွန်းလောင်းကြပြီး “သတ္တဝါများ ကျန်းမာချမ်းသာပါစေ” ဟု ယုံယုံကြည်ကြည် မေတ္တာရေ သွန်းလောင်းပို့သကြသည်။ ကြည်သာရေအေး အမွှေးထုံရည်များဖြင့် ယဉ်ကျေးစွာ ပက်ဖျန်းကစားကြသည်။

တချို့သောပညာရှင်များက သင်္ကြန်ရေသည် ကောင်းကျိုးမင်္ဂလာ ကြန်အင်လက္ခဏာ တိုးပွားလာစေရန် ပြုလုပ်ခြင်းအနက် ထွက်သည်ဆို၏။ ဤအဆိုအမိန့်ကို အထောက်အကူပြုသော အကြောင်းတစ်ရပ်မှာ ရှေးမြန်မာဘုရင်များ ဦးခေါင်းဆေး မင်္ဂလာပြုလုပ်ကြသည်ကို သင်္ကြန်ခေါ်သည်ဟု သုံးနှုန်းလေ့ရှိခြင်းပင်ဖြစ်ပါသည်။ တစ်ပတ်လျှင် တစ်ကြိမ်လျှော်သော “ပကတိသင်္ကြန်” ဂြိုဟ်စီးဂြိုဟ်နင်း ညှို့ဖျင်းသောအခါ အန္တရာယ်ပျောက်၍ ဘုန်းတောက်တောက်ရန် လျှော်သော “သင်္ကြန်လတ်”နှင့် ဘိသိက်ခံယူသည့်အခါလျှော်သော “မဟာသင်္ကြန်” ဟူ၍ သင်္ကြန်သုံးမျိုးပင်ရှိ၏။ ဤသည်ကိုထောက်ရှုသော် သင်္ကြန်အခါ ရေပက်ကစားခြင်း၊ ခေါင်းဆေးခြင်းပြုလုပ်ကြသည်မှာ အဆိုးကိုပျောက်စေပြီး အကောင်းကိုရောက်စေရန် ရည်သန်၍ ပြုလုပ်ခြင်းဖြစ်၏။ မကောင်းမှုဟူသမျှကို ပပျောက်၍ ကောင်းကျိုးဟူသမျှကို တိုးပွားလာစေရန် သုတ်သင်ဆေးကြောခြင်း သဘောပင်ဖြစ်၏။

နှစ်ကူးသင်္ကြန်သမယတွင် ရေသဘင်ဆင်ယင်ပြီး ရေလောင်းကစားကြခြင်းမှာ သဘာဝကျလှသည်ဟုဆိုရမည်။ ရေတို့၏သဘောမှာ အေးမြကြည်လင်ခြင်း၊ အညစ်အကြေးကို လျှော်ဆေးစင်ကြယ်စေခြင်း၊ ရေကိုတားသော် အခြားအထင်အမြင်တစ်ထပ်တည်း တည်နေခြင်းတည်းဟူသော သြဇာဂုဏ်ဟိတ်နိမိတ်တို့နှင့် ပြည့်စုံသည်။ ထိုရေစင်ဖြင့် သွန်းလောင်းခြင်းပြုလုပ်သည့်အခါမှာ ချမ်းသာအေးမြသုခဖြစ်ကြောင်း၊ အပြစ်ဟောင်းဟူသမျှ လွင့်စဉ်ပပျောက်ပြီး တစ်ယောက်နှင့်တစ်ယောက်၊ တစ်ဦးနှင့်တစ်ဦး ကြည်နူးချစ်ခင်ကြင်နာမြဲရန် ရည်သန်ရာရောက်သည်။

မြန်မာတို့၏ ဆယ့်နှစ်လရာသီပွဲတော်များတွင် နှစ်သစ်ကူးသင်္ကြန်ရေသဘင်ပွဲတော်သည် ပျော်ရွှင်စရာအကောင်းဆုံး ပွဲတော်တစ်ခုဖြစ်သည်။ နှစ်ကူးချိန်ခါ သင်္ကြန်ရေသဘင်ပွဲတော်ကို အရွယ်မရွေး၊ လူမျိုးမရွေး၊ ဘာသာမရွေး ပါဝင်ဆင်နွှဲနိုင်သည့် ပွဲတော်ဖြစ်သည်။ မျက်မှောက်ခေတ်တွင် ရေပက်ကစားပွဲသာမက မဏ္ဍပ်အလှ၊ ကားအလှအပြင် လှပျိုဖြူတို့၏ ယိမ်းအကများပါ ကျင်းပလျက်ရှိလာသည်။

လူ့လောကကိုအကျိုးပြု၍ ပျော်ရွှင်ဖွယ်၊ ကုသိုလ်ပြုဖွယ်ဖြစ်သော ယဉ်ကျေးမှုကို နှစ်ပရိစ္ဆေဒမည်မျှကြာညောင်းစွာကျင်းပလာပြီဖြစ်သော်လည်း မေ့ပျောက်စွန့်လွှတ်ခြင်း မပြုကြပါ။

ကပိလဝတ်ပြည်သား သာကီဝင်မင်းများလက်ထက်ကပင် ရေဖျန်းကစားလေ့ရှိခဲ့သော ဤနှစ်သစ်ကူးသင်္ကြန်ပွဲတော်သည် ပြည်မြန်မာတွင် အတိတ်ကာလမှစ၍ စဉ်လာမပျက် မျက်မှောက်ခေတ်တိုင်အောင်ပင် ဆင်နွှဲလျက်ရှိခဲ့သည်။ ကမ္ဘာပေါ်တွင် မြန်မာလူမျိုးတို့ တည်ရှိနေသရွေ့ နောင်အနာဂတ်ကာလတွင်လည်း ကျက်သရေမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံပြီး ယဉ်ကျေးသော နှစ်သစ်ကူးသင်္ကြန်ပွဲတော်ကြီးသည် တည်ရှိနေပေဦးမည် ဖြစ်ပေသတည်း။ ။

တာချီလိတ်မြို့ ပိုလ်ချုပ်လမ်း အဆင့်မြင့်ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ ရှမ်းပြည်နယ်ဝန်ကြီးချုပ် တက်ရောက်အားပေး

နေပြည်တော် ဧပြီ ၁၀

ရှမ်းပြည်နယ် တာချီလိတ်မြို့၌ ဗိုလ်ချုပ်လမ်းအဆင့်မြင့် ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို ဧပြီ ၈ ရက် နံနက် ၈နာရီက ရှမ်းရိုးမကွင်းရှေ့ လမ်းမုခ်ဦး၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ် တက်ရောက်အားပေးသည်။

လမ်းသစ်ဖွင့်ပွဲတွင် သော်တာဝင်းဆောက်လုပ်ရေးကုမ္ပဏီဥက္ကဋ္ဌ ဦးစိုင်းဖိလစ်ရီက အဆင့်မြင့်ကွန်ကရစ်လမ်းဖောက်လုပ်လှူဒါန်းရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြပြီး ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးတူးမောင်က ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ကုမ္ပဏီဥက္ကဋ္ဌ ဦးစိုင်းဖိလစ်ရီနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကိုကိုတို့အား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။

ယင်းနောက် ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး၊ သော်တာဝင်းဆောက်လုပ်ရေးကုမ္ပဏီဥက္ကဋ္ဌနှင့် အမျိုးသားညီလာခံကိုယ်စားလှယ် ဦးဝီလ်ဆင်မိုးတို့က ကွန်ကရစ်လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

အဆိုပါလမ်းမှာ အရှည် ၄ ဒသမ ၁၈မိုင်၊ အကျယ်ပေ ၄၀၊ ထု ၁၀ လက်မရှိပြီး သော်တာဝင်းဆောက်လုပ်ရေးကုမ္ပဏီက လမ်းအင်္ဂါရပ်နှင့်ညီစေရန် လမ်းသားပေါင်ကပ်တုံးစီခြင်း၊ ရေမြောင်းဖောက်လုပ်ခြင်း၊ လူကူးမျဉ်းတွင် အချက်ပြမီးဝါများ တပ်ဆင်ခြင်းလုပ်ငန်းများအပါအဝင် ငွေကျပ်သန်းလေးထောင် အကုန်အကျခံ၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်းသိရှိရသည်။

(သတင်းစဉ်)

အမြို့မြို့အနယ်နယ်၌ စာကြည့်တိုက်များဖွင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

နေပြည်တော် ဧပြီ ၁၀

စာကြည့်တိုက်ဖွင့်လှစ်၊စာအုပ်စာစောင်လှူဒါန်း

ကချင်ပြည်နယ် ပူတာအိုခရိုင် မချမ်းဘောမြို့နယ် အင်ဂါဒိန်ချက်ကျေးရွာအုပ်စု ဒိန်ချက်ကျေးရွာ ရှိန်ထီးစာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲကို မတ် ၂၉ ရက် နံနက် ၉ နာရီက အဆိုပါစာကြည့်တိုက်၌ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးနန်ဇေ့ဖုန်ဆန်းနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးနန့်ရှိထင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားတွင် ကျေးရွာအုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက စာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မြဲရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းက အရေးကြုံလျှင် ကြေးမုံရှိတယ် စာကြည့်တိုက်ပညာပေးခွေ၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးမှူးက စာအုပ်စာစောင် ၂၀၀ လှူဒါန်းရာ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌက လက်ခံယူခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဓနုဖြူမြို့နယ် ကျုံတနီးကျေးရွာ၌ စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲကို မတ် ၂၉ ရက်က ကျင်းပရာ မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်း ဒုတိယဥက္ကဋ္ဌ ဦးညွန့်ဆွေ၊ အလှူရှင် မောင်ခင်မင်(ဓနုဖြူ)၊ ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်ဝင်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်လှိုင်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(မြန်မာ့အလင်း)

စာကြည့်တိုက် ရှင်သန်ခိုင်မာရေး စာပေဟောပြောပွဲကျင်းပ

ကျေးရွာစာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးအတွက် ဝက်လက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဦးဆောင်မှုဖြင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့တို့ ပူးပေါင်း၍ စာပေဟောပြောပွဲကို မတ် ၂၂ ရက် ည ၇ နာရီက ဝက်လက်မြို့နယ် ရှားဘွဲ့ ကျေးရွာအုပ်စု ထုံးဘိုကျေးရွာ တိုးတက်ရေးစာကြည့်တိုက်၌ ကျင်းပရာ ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်နန်းမြင့်က စာကြည့်တိုက် ရှင်သန်ခိုင်မာရေး၊ စာပေလေ့လာဖတ်ရှုကြရေး ပြောကြားသည်။

ထို့နောက် ဆရာသဏ်းဝင်း (ကြေး/မြေ)ဝက်လက်က စာဖတ်သူသို့ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဆရာဇွဲကြီးက စာကြည့်တိုက်ဟူသည် ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဆရာယောဂီတိုးအောင်က မေတ္တာနှင့်စာပေ ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

စာအုပ်စာပေ လှူမိတ်ဆွေ

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းနိုင်

မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာဗဟုသုတမြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီဆောင်ရွက်လျက်ရှိရာ စေတနာရှင် အလှူရှင်များအနေဖြင့် အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းလိုပါက မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆နှင့် ၀၁-၃၉၈၇၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

အဆိုတော် ဂျင်နီဖာလိုပက်ဇ် ချစ်သူကို ထရပ်ကားလက်ဆောင်ပေး

ကောင်းမြတ်သူ
စုစည်းသည်



လော့စ်အိန်ဂျလိစ် ဧပြီ ၁၀

ကမ္ဘာကျော် အဆိုတော် ဂျင်နီဖာလိုပက်ဇ်က သူ့ရဲ့ သက်တော်စောင့်လည်းဖြစ်၊ ချစ်သူရည်းစားလည်း ဖြစ်တဲ့ ကာစပါစမတ်ရဲ့(၂၅)နှစ်မြောက် မွေးနေ့ လက်ဆောင်ပေးဖို့ အဖြူရောင် Doge Ram Truck ကားဝယ်တယ်တဲ့။

ဂျင်နီဖာလိုပက်ဇ်က ကာစပါစမတ်ရဲ့ မွေးနေ့ပွဲလုပ်ပေးဖို့လည်း စီစဉ်နေတယ်လို့ သူမရဲ့ နီးစပ်တဲ့ သတင်းရပ်ကွက်က Mag ဝက်ဘ်ဆိုက်သို့ ပြောကြားခဲ့တယ်လို့ဆိုပါတယ်။ ကာစပါဟာ ထရပ်ကားကို အရမ်းလိုချင်နေတာ သူသိတယ်လို့လည်း လိုပက်ဇ်က ပြောပါတယ်။ **(အပေါ်ပုံ)**

ကာစပါဟာ ဂျင်နီဖာလိုပက်ဇ်ရဲ့ ထူးထူးဆန်းဆန်း လက်ဆောင်ကြောင့် အတော်စိတ်လှုပ်ရှားနေတယ်လို့ ဆိုပါတယ်။ ဂျင်နီဖာလိုပက်ဇ်က ကာစပါစမတ်ရဲ့ မွေးနေ့ပွဲကို ယခုသီတင်းပတ်ကုန်ပိုင်းမှာ ကယ်လီဖိုးနီးယားပြည်နယ် ဟောလိဝုဒ်အနောက်ပိုင်း ဆက်ကွန်နီမြို့မှာ ကျင်းပပေးဖို့ စီစဉ်ထားပါတယ်။ အဲဒီနေ့မှာ သူတို့စုံတွဲက နီးစပ်ရာသူငယ်ချင်းတွေကိုလည်း ညစာစားပွဲသို့ တက်ရောက်ဖို့ ဖိတ်ခေါ်ထားပါတယ်။ အဲဒီမွေးနေ့ ညစာစားပွဲမှာ ကာစပါစမတ်က ဂျင်နီဖာလိုပက်ဇ်လက်ဆောင်ပေးတဲ့ ထရပ်ကားကို ကိုယ်တိုင်မောင်းလာမယ်လို့ သိရပါတယ်။ **(အင်တာနက်)**

**** ကျော့ဖုံးမှ***

ဟောလိဝုဒ်အနောက်ပိုင်း ရဲတပ်ဖွဲ့စခန်း၌ ဖမ်းဆီးခံရခြင်းဖြစ်သည်။ ထိုသို့ ယာဉ်တိုက်မှုကြောင့် ကားနှစ်စီးစလုံး အနည်းငယ်ပျက်စီးခဲ့ပြီး ကားများပေါ်ရှိလူများ ထိခိုက်ဒဏ်ရာရရှိမှု အနည်းငယ်သာဖြစ်ခဲ့သည်။ ရုပ်ရှင်မင်းသမီး အမင်ဒါဘိုင်နက်စ်သည် ၂၀၁၁ ခုနှစ် အမ်တီဗွီ အကောင်းဆုံးဆုရရှိခဲ့သူလည်း ဖြစ်သည်။ သူမသည် အဆိုတော်တစ်ဦးလည်းဖြစ်ရာ The Amanda Show အမည်ရှိ တေးစီးရီး အသစ်ထွက်ရှိရန် ကြိုးစားနေသူလည်းဖြစ်သည်။ **(အင်တာနက်)**

အဆိုတော်ကန်ရီဝက်စ် ကင်ကာဒက်ရှန်နဲ့ချစ်သူတွေဖြစ်သွားပြီ

လော့စ်အိန်ဂျလိစ် ဧပြီ ၁၀

လွန်ခဲ့တဲ့ ဇန်နဝါရီလအတွင်းက ရက်(ပ်)အဆိုတော် ကန်ရီဝက်စ်ရဲ့ အမျိုးသမီးသူငယ်ချင်းဟောင်း အမ်ဘာရို့စ်က အဆိုတော်ကင်ကာဒက်ရှန်အား သူ့နေရာမှာ အစားထိုးဝင်နေပြီဖြစ်ကြောင်း စွပ်စွဲပြောကြားခဲ့ပါတယ်။ **(ယာပုံ)**

ဒီကိစ္စနဲ့ပတ်သက်ပြီး အဆိုတော်ကန်ရီဝက်စ်ကလည်း ဘာမှမပြောဘဲ နှုတ်ဆိတ်နေခဲ့ပါတယ်။ အဆိုတော်ကန်ရီဝက်စ်ဟာ မကြာမီက The raflu လို့အမည်ရတဲ့ သီချင်းသစ်ထွက်ရှိလာခဲ့ပါတယ်။ သီချင်းရဲ့အဓိပ္ပာယ်ဟာ အဆိုတော် ကန်ရီဝက်စ်က သူနဲ့ကင်ကာဒက်ရှန်တို့ ချစ်သူတွေ အမှန်ပင်ဖြစ်သွားကြပြီလို့ဆိုခြင်းဖြစ်ပါတယ်။ အဆိုတော်ကန်ရီဝက်စ်ကိုယ်တိုင်ကလည်း ဒီကိစ္စနဲ့ပတ်သက်ပြီး ငြင်းဖွယ်မရှိပါဘူးလို့ ဝန်ခံပြောကြားလိုက်ပါတယ်။ အဆိုတော်ကင်ကာဒက်ရှန်ဟာ ဘတ်စကက်ဘောသမား ခရစ်ဟမ်းဖရီရဲ့ ဇနီးဟောင်းပါ။ သူတို့နှစ်ဦးဟာ ကွာရှင်းပြတ်စဲထားကြတာ မကြာသေးပါဘူး။ ဒါကြောင့်လည်း အဆိုတော်ကန်ရီဝက်စ်က ခရစ်ဟမ်းဖရီသိအောင်ဆိုပြီး သူနဲ့ကင်ကာဒက်ရှန်တို့ ချစ်သူတွေဖြစ်သွားကြပြီလို့ ဝန်ခံပြောကြားလိုက်ပါတယ်။ ကင်ကာဒက်ရှန်နဲ့ အဆိုတော်ကန်ရီဝက်စ်တို့ဟာ မတ်လတုန်းက ဖျော်ဖြေပွဲတစ်ခုမှာ ဆုံစည်းရာမှ ချစ်သူတွေဖြစ်သွားကြတာလို့ ကင်ကာဒက်ရှန်က ပြောကြားပါတယ်။ **(အင်တာနက်)**

ဘရစ်တနေစပီးယားလက်ထပ်တော့မည်

လော့စ်အိန်ဂျလိစ် ဧပြီ ၁၀

ဂျက်ဆင်ထရာဝစ်ဆိုသူဟာ မကြာမီ အဆိုတော် ဘရစ်တနေစပီးယားရဲ့ တရားဝင် ခင်ပွန်းဖြစ်လာတော့မှာပါ။ သူဟာ ဘရစ်တနေစပီးယားရဲ့ဘဝကို ပိုင်ဆိုင်သူဖြစ်လာဖို့ မျှော်လင့်ထားသူပါ။ **(ဝဲပုံ)**

အသက် ၄၀ အရွယ်ရှိတဲ့ ဂျက်ဆင်ထရာဝစ်ဟာ ကယ်လီဖိုးနီးယားမြို့မှာရှိတဲ့ တရားရုံးမှာ အဆိုတော် ဘရစ်တနေစပီးယားနဲ့ လက်ထပ်စာချုပ်ချုပ်ဆိုဖို့ လာရောက်ကြတာတွေ့ရတယ်လို့ အီးနယူးစ်သတင်းဌာနက အဆိုတော်ရဲ့ ပြောခွင့်ရပုဂ္ဂိုလ်တစ်ဦးရဲ့ ပြောကြားချက်ကို ကိုးကားပြီး ရေးသားဖော်ပြပါတယ်။

အကယ်၍ လက်ထပ်စာချုပ်လက်မှတ်ရေးထိုးပြီးသွားရင် ဘရစ်တနေစပီးယားဟာ ဂျက်ဆင်ထရာဝစ်ရဲ့ တရားဝင် ဇနီးဖြစ်သွားပါပြီ။ ဘရစ်တနေစပီးယားဟာ မိဘတွေ သဘောမတူခဲ့တဲ့ ဂျက်ဆင်ထရာဝစ်နောက်ကို ကောက်ကောက်ပါအောင် လိုက်ခဲ့သူပါ။ ဘရစ်တနေစပီးယားဟာ ဂျက်ဆင်ထရာဝစ်နဲ့ တရားဝင်ဇနီးဖြစ်သွားတာနဲ့ ဘရစ်တနေစပီးယားရဲ့ ဖခင်ဖြစ်သူ ဂျာပီစပီးယားကလည်း သမီးဖြစ်သူရဲ့ ပိုင်ဆိုင်မှုတွေအားလုံးကို ပြန်လည်သိမ်းယူသွားမယ်လို့ဆိုပါတယ်။ သူတို့ နှစ်ဦးဟာ ၂၀၀၉ ခုနှစ် စက်တင်ဘာလကစတင်ပြီး ချစ်သူတွေဖြစ်ခဲ့ကြတယ်လို့ ဆိုပါတယ်။ ဂျက်ဆင်ထရာဝစ်ဟာ အဆိုတော်ဘရစ်တနေစပီးယားရဲ့ မန်နေဂျာဟောင်းဖြစ်ပါတယ်။ သူတို့နှစ်ဦးဟာ ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလက စေ့စပ်ခဲ့ကြပါတယ်။ ယခုအခါမှာတော့ သူတို့အတွဲဟာ တရားဝင် ဇနီးမောင်နှံဖြစ်လာတော့မယ်လို့ လော့စ်အိန်ဂျလိစ်မြို့ အနုပညာအသိုင်းအဝိုင်းက ပြောကြားနေကြပါတယ်။ **(အင်တာနက်)**

မြင့်မောင်စိုး-စုစည်းသည်

ကမ္ဘာကျော်တင်းနစ်မယ် ဆီရီနာဝီလျံ အလုံး (၄၀) မြောက် WTA ဖလားဆွတ်ခူး

ချာလက်စတန် ဧပြီ ၁၀

ကမ္ဘာ့နံပါတ် (၁၀)ဆီရီနာဝီလျံသည် အမေရိကန်နိုင်ငံ တောင်ကာရိုလိုင်းနားပြည်နယ် ချာလက်စတန်မြို့၌ ဧပြီ ၈ ရက်က ကျင်းပသောFamily Circle Cup WTA တင်းနစ်ပြိုင်ပွဲတွင် ပြိုင်ဘက်ချက်တင်းနစ်မယ် လူစီဆာဖာရိုဗာအား ၆-၀၊ ၆-၁ ဖြင့်နိုင်ပြီး ဖလားဆွတ်ခူးသွားခဲ့သည်။

အသက် ၃၀ အရွယ်ရှိ ဆီရီနာဝီလျံ **(အပေါ်ပုံ)**သည် အဆိုပါဖလားကို ခုနစ်လကြာ ဒဏ်ရာရခဲ့ပြီးနောက် အနားယူခဲ့ပြီး ပထမဆုံးအကြိမ်ဖလားဆွတ်ခူးခဲ့ခြင်းဖြစ်သည်။ ယင်းဖလားသည် ဆီရီနာဝီလျံအတွက် အလုံး (၄၀)မြောက် WTA ဖလားဖြစ်သည်။ သူမသည် ချက်တင်းနစ်မယ်အား ၅၈ မိနစ်ကြာ ကစားခဲ့သည်။

ဆီရီနာဝီလျံသည် WTA ဖလားကို တတိယအများဆုံးဆွတ်ခူးနိုင်သူဖြစ်လာသည်။ ၎င်း၏အစ်မဖြစ်သူ ဗီးနပ်စ်ဝီလျံက ၄၃ လုံးဖြင့် အများဆုံး WTA ဖလားဆွတ်ခူးနိုင်ခဲ့သူဖြစ်သည်။ ၎င်း၏နောက်တွင် ဘယ်လ်ဂျီယံတင်းနစ်မယ် ကလစ္စတားက ၄၁ လုံးဖြင့် ဒုတိယအများဆုံး WTA ဖလားဆွတ်ခူးနိုင်မှု အများဆုံးဖြစ်သည်။

ဆီရီနာဝီလျံနှင့် ချက်တင်းနစ်မယ် ဆာဖာရိုဗာတို့သည် ငါးကြိမ်တိုင်ဆုံတွေ့ခဲ့ရာ ဆီရီနာက ငါးကြိမ်စလုံးအနိုင်ရခဲ့သည်။သူမသည် Family Circle Cup နှင့်အတူ ဆုကြေးငွေအမေရိကန်ဒေါ်လာ ၁၁၅၀၀၀ ရရှိသွားခဲ့သည်။ **(အင်တာနက်)**

ဂိုး(၆၀) သွင်းထားသော မက်ဆီ ဥရောပဂိုးသွင်းစံချိန်တင်မည်



မက်ဒရစ် ဧပြီ ၁၀

ကမ္ဘာကျော်ဘောလုံးသမား လီယွန်နယ်မက်ဆီ**(ယာပုံ)**သည် နှစ်ပေါင်း ၄၀အတွင်း တစ်ရာသီတည်းတွင် ဂိုးအများဆုံးသွင်းယူပေးခဲ့သည့် ပထမဆုံး ဘောလုံးသမားဖြစ်လာသည်။

မက်ဆီသည် ဘာစီလိုနာအသင်းနှင့်အတူ ဥရောပတွင် ဂိုးအများဆုံးသွင်းယူသူ ဖြစ်လာသည်။ လွန်ခဲ့သည့် ပွဲ ၁၂ ပွဲတွင် မက်ဆီသည် ၂၃ ဂိုးသွင်းယူပေးခဲ့သည်။

၁၉၇၂-၇၃ ဘောလုံးရာသီက ဘိုင်ယန်မြူးနစ်ဘောလုံးသမား ဂတ်မူလ်လာသည် ဥရောပတွင် ၆၇ ဂိုးဖြင့် ဂိုးအများဆုံးသွင်းယူပေးခဲ့ဖူးသည်။ ဂတ်မူလ်လာပြီးနောက် မက်ဆီသည် ပထမဆုံးဂိုးအများဆုံး တစ်ရာသီတည်းတွင် သွင်းယူပေးခဲ့သူ ဖြစ်လာခြင်းဖြစ်သည်။

စပိန်လာလီဂါပွဲကစားရန် ခုနစ်ပွဲ ရှိသေးသည်။ မက်ဆီက မူလ်လာသွင်းယူခဲ့သည့် ၆၇ဂိုး စံချိန်ကိုချိုးမည်ဟုဆိုသည်။ လက်ရှိ ဘာစီလိုနာနှင့်ရီးရဲမက်ဒရစ်တို့သည် လေးမှတ်သာကွာသည်။ ဘာစီလိုနာအသင်း ချန်ပီယံပြန်ဖြစ်ရေးအတွက် မက်ဆီသည် ယခုနှစ်ဘောလုံးရာသီတွင် ပွဲတိုင်းနီးပါး ဂိုးများ ဆက်တိုက်သွင်းယူပေးလျက်ရှိသည်။ ၎င်းသည် လက်ရှိကမ္ဘာ့အကောင်းဆုံးဘောလုံးသမားဆုရ ကစားသမားလည်းဖြစ်သည်။ အသက် ၂၄နှစ်ရှိ အာဂျင်တီးနားနိုင်ငံသား တိုက်စစ်မှူးမက်ဆီသည် ဘာစီလိုနာအသင်းကို ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲရောက်အောင် အဓိကစွမ်းဆောင် ကစားပေးခဲ့သူလည်း ဖြစ်သည်။ ၎င်းသည် ကိုယ်တိုင်ဂိုးများသွင်းယူသလို ကစားဖော်ကစားဖက်များကိုလည်း ဂိုးသွင်းနိုင်အောင် ဖန်တီးပေးမှုအကောင်းဆုံး တိုက်စစ်မှူးဖြစ်သည်။ **(အင်တာနက်)**

အဲဗာတန်နှင့် ဆန်းဒါးလန်းတို့ ဤသို့အကြိတ်အနယ် ယှဉ်ပြိုင်ကြစဉ်။

စပါးအိမ်ကွင်း ရှုံးပွဲကြုံ၊ အဲဗာတန် ဂိုးပြတ်သွင်းယူ

လန်ဒန် ဧပြီ ၁၀

အင်္ဂလိပ်ပရီမီယာလိဂ် ပွဲစဉ်(၃၃) ဘောလုံးပြိုင်ပွဲများကို ဧပြီ ၉ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားကြရာ စပါးက အိမ်ကွင်း၌ နော့ဝှစ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်သွားသဖြင့် ထိပ်ဆုံးနံပါတ်-၄ နေရာအတွက် စိန်ခေါ်မှု ပို၍ကြီးထွားလာသည်။

အနိုင်ရရှိ

စပါးအသင်းအတွက် တစ်လုံးတည်းသောဂိုးကို ဒီဖိုးက ပွဲချိန် ၃၃ မိနစ်တွင် သွင်းယူခဲ့သည်။ ယင်းဂိုးမသွင်းမီ နော့ဝှစ်ကစားသမား ပီကင်တန်က ဦးဆောင်ဂိုးသွင်းခဲ့သည်။ နော့ဝှစ်အသင်းအတွက် အနိုင်ဂိုးကို ဘားနက်က ပွဲချိန် ၆၆ မိနစ်တွင် သွင်းယူခဲ့သည်။ စပါးတို့ ယင်းပွဲရှုံးနိမ့်သွားသဖြင့် နယူးကာဆယ်နှင့် ချယ်လ်ဆီးတို့က ၎င်း၏ နံပါတ်-၄ နေရာကို ခြိမ်းခြောက်လာသည်။ နယူးကာဆယ်က ဘော်လ်တန်နှင့် ကစားရာတွင် နှစ်ဂိုးပြတ်ဖြင့် နိုင်ခဲ့သည်။ နယူးကာဆယ်အသင်း၏ ယင်းအနိုင်ရမှုသည် ငါးပွဲဆက်တိုက် အနိုင်ရမှုဖြစ်သည်။ အဲဗာတန်နှင့် ဆန်းဒါးလန်းတို့ပွဲတွင် အဲဗာတန်က လေးဂိုးပြတ်ဖြင့် အနိုင်ရရှိသွားသည်။ **(အင်တာနက်)**

အိုင်တီနည်းပညာသုတ အိုင်တီနည်းပညာသုတ အိုင်တီနည်းပညာသုတ အိုင်တီနည်းပညာသုတ အိုင်တီနည်းပညာသုတ

ဆဲလ်ဖုန်းများကြာရှည်စွာသုံးလျှင် ဦးနှောက်အကျိတ်ကင်ဆာဖြစ်ဖွယ်ရှိ

လော့စ်အိန်ဂျလိစ် ဧပြီ ၁၀

ဆဲလ်ဖုန်းအသုံးများသောကလေးများနှင့် ဆယ်ကျော်သက်တို့သည် ဦးနှောက်အကျိတ်ကင်ဆာ ဖြစ်မဖြစ်ဆိုသည်ကို သေချာအောင် သုတေသနပြုသွားမည်ဖြစ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားလိုက်သည်။

ဆဲလ်ဖုန်းအသုံးများသော ကလေးများသည် ဦးနှောက်ကင်ဆာအကျိတ်ဖြစ်နိုင်ကြောင်း ဆွီဒင် သိပ္ပံပညာရှင်များက သုတေသနပြုလေ့လာတွေ့ရှိထားသည်။ **(ယာပုံ)**

ဆွီဒင်သိပ္ပံပညာရှင်များသည် နော်ဝေ၊ ဒိန်းမတ်၊ ဆွစ်ဇာလန်နှင့် ဆွီဒင်နိုင်ငံတို့တွင် ဆဲလ်ဖုန်း အသုံးပြုသောကလေးများနှင့် ဆယ်ကျော်သက်တို့၏ ကျန်းမာရေး စစ်တမ်းကိုကောက်ယူခဲ့ရာ လူ၃၅၀ မှာ ဦးနှောက်ကင်ဆာလက္ခဏာများ တွေ့ရသည်ဟုဆိုသည်။ သို့သော်လည်း ၆၅၀ မှာ ကင်ဆာရောဂါ လက္ခဏာမတွေ့ရဟုဆိုသည်။ အဆိုပါကိစ္စနှင့်စပ်လျဉ်းပြီး သေချာအောင်သုတေသနပြုသွားမည်ဖြစ် ကြောင်း ဆွီဒင်ပတ်ဝန်းကျင်ကျန်းမာရေးအဖွဲ့က ပြောကြားသည်။

ဆဲလ်ဖုန်းမှဓာတ်ရောင်ခြည်များသည် ကြာရှည်စွာအသုံးပြုလျှင် ဦးနှောက်ထိခိုက်မှုရှိမရှိဆိုသည့်ကိစ္စကို ဆက်လက်၍ သုတေသနပြုနေကြောင်း ဆွီဒင် သိပ္ပံပညာရှင်များက ပြောကြားသည်။ **(အင်တာနက်)**

Facebook လူမှုရေးဝက်ဘ်ဆိုက် သုံးစွဲသူအရေအတွက် အလွန်များပြား

ကယ်လီဖိုးနီးယား ဧပြီ ၁၀

ကမ္ဘာ့နာမည်ကြီး လူမှုရေးဝက်ဘ်ဆိုက်တစ်ခုဖြစ်သည့် Facebook ဝက်ဘ်ဆိုက်သို့ ဝင်ရောက်သုံးစွဲသူအရေအတွက်သည် အလွန်များပြားလာကြောင်း၊ ဝင်ငွေနည်းပြီး ပညာနည်းပါးသူများပင် Facebook ဝက်ဘ်ဆိုက်ကို ဝင်ရောက် သုံးစွဲလာကြကြောင်း၊ သုံးစွဲမှုများလွန်း၍ ယင်းတို့၏ကိုယ်ပိုင်ပျော်ရွှင်ချိန်များပင် လျော့နည်းစေခဲ့ကြောင်း အမေရိကန်နိုင်ငံ ဂူတင်ဘတ်တက္ကသိုလ်မှ သုတေသီများက လေ့လာတင်ပြထားသည်ကို ဧပြီ ၈ ရက် အင်တာနက်စာမျက်နှာ၌ ဖော်ပြထားသည်။

Facebook သုံးစွဲသူများသည် ၎င်းတို့၏ Pc ကွန်ပျူတာများကို စတင်ဖွင့်လှစ်လိုက်သည်ဆိုလျှင်ပင် Facebook ကို စတင်အသုံးပြုကြသည်ဟုဆိုသည်။ Face book သုံးစွဲသူ ၈၅ ရာခိုင်နှုန်းသည် နေ့စဉ် Facebook ကိုအသုံးပြုကြကြောင်း၊ Facebook ကို အမျိုးသားများထက် အမျိုးသမီးများက ပို၍သုံးစွဲနေကြကြောင်း ဂူတင်ဘတ်တက္ကသိုလ်မှ သုတေသီအဖွဲ့က ပြောကြားသည်။ **(ဝဲပုံ)**

ဝင်ရောက်ကြည့်ရှု

အဆိုပါဝက်ဘ်ဆိုက်ကို အသုံးပြုနေကြသူများသည် နေ့စဉ်ပျမ်းမျှ ၇၅ မိနစ်ကြာ အသုံးပြုလျက်ရှိကြောင်း လေ့လာ တွေ့ရှိရသည်ဟုဆိုသည်။ Facebook သုံးစွဲတတ်သောအမျိုးသမီးတစ်ဦးသည် တစ်နေ့ပျမ်းမျှ မိနစ် ၈၁ ကြာ သုံးစွဲလျက်ရှိသည်။ အမျိုးသားများမှာ တစ်နေ့ ၆၄ မိနစ်သုံးစွဲသည်။ ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလအထိ Facebook ဝက်ဘ်ဆိုက်စာမျက်နှာအတွင်း ဝင်ရောက်ကြည့်ရှုသူအရေအတွက်မှာ သန်းပေါင်း ၈၄၅ သန်းအထိ ရှိသည်ဟုဆိုသည်။

(အင်တာနက်)

အာကာကျော် – စုစည်းသည်

ဈေးနှုန်းချိုသာသော tablet များ ဂူဂဲကုမ္ပဏီက ထုတ်လုပ်ပေးမည်

နယူးယောက် ဧပြီ ၁၀

ဂူဂဲ၏ ကိုယ်ပိုင်အမှတ်တံဆိပ် i Pad နှင့်အပြိုင် တက်ဘလက် (tablet)ကွန်ပျူ တာများကိုလည်း လာမည့် ဇူလိုင်လတွင် ဈေးကွက်သို့တင်ပို့ရောင်းချနိုင်မည်ဖြစ် ကြောင်း ဂူဂဲကုမ္ပဏီက ဧပြီ ၉ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

အဆိုပါ tablet သည် Wi-Fi အတည်ပြုနိုင်ပြီး စက္ကရင်အကျယ် ခုနစ်လက်မရှိ သည်။ ယင်းဂူဂဲတံဆိပ်တပ်ကွန်ပျူတာ tablet များကို အေဆု(Asus) ကုမ္ပဏီက ထုတ်လုပ်ပေးထားသည်။ **(အောက်ပုံ)**

အဆိုပါ ဂူဂဲ tablet ၏တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၉၉ ဒေါ်လာကုန်ကျ မည်ဖြစ်သည်။ ယင်းတန်ဖိုးမှာ လက်ရှိ tablet ကွန်ပျူတာပေါက်ဈေး အမေရိကန် ဒေါ်လာ ၂၅၀ ရှိရာမှ ဈေးလျှော့ရောင်းခြင်းဖြစ်သည်။

ရောင်းချပေးသွားမည်

ဂူဂဲမှ ထုတ်လုပ်လိုက်သည့် ကွန်ပျူတာသည် အက်ပဲလ်ကုမ္ပဏီက ထုတ်လုပ်ထား သည့် i Pad ထက် ဈေးသက်သာသည်ဟု ဆိုသည်။ လာမည့်ခြောက်လအတွင်း အရည်အသွေးမြင့် tablet များကို ရောင်းချပေးသွားမည်ဟု ဆိုသည်။

(အင်တာနက်)

ကမ္ဘာတလွှားထူးထူးခြားခြား ကမ္ဘာတလွှားထူးထူးခြားခြား ကမ္ဘာတလွှားထူးထူးခြားခြား ကမ္ဘာတလွှားထူးထူးခြားခြား

အာကာဟိန်း – စုစည်းသည်

ကမ္ဘာ့တန်ဖိုးအကြီးဆုံးချောကလက်

လန်ဒန် ဧပြီ ၁၀

ဗြိတိန်နိုင်ငံ လန်ဒန်မြို့တွင် ချောကလက်ထုတ်လုပ်သူ ဝီလီယမ်ကာလေး အမည်ရှိ အမျိုးသားတစ်ဦးနှင့်အဖွဲ့ ပြုလုပ်ထားသည့် ချောကလက်တစ်ခုသည် ပေါင် ၇၀၀၀ တန်ဖိုးရှိရာ ကမ္ဘာပေါ်တွင်ဈေးအကြီးဆုံးချောကလက်အဖြစ် ဧပြီ ၉ ရက်တွင် ဂရင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။ **(အောက်ပုံ)**

အဆိုပါ ချောကလက်သည် အညိုရောင်ဖြစ်ပြီး အလေးချိန် ကီလိုဂရမ်၅၀ရှိပြီး ချောကလက်ပုံစံမှာ ဘဲဥပုံဒီဇိုင်းဖြစ်ကြောင်း၊ ဝီလီယမ်ကာလေးကိုယ်တိုင် ပုံစံ ထုတ်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သီးသန့်ပြုလုပ်ထား

ဝီလီယမ်ကာလေးကိုယ်တိုင် လက်ဖြင့်ပြုလုပ်ထားပြီး အကူအညီအလုပ်သမား ခုနစ်ဦးတို့ဖြင့် သုံးရက်ကြာပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ၎င်းချောကလက်တွင် မည်သည့် ကျောက်သံပတ္တမြားနှင့် အဖိုးတန်ရတနာမျှ စီခြယ်ထားခြင်းမရှိဘဲ အရသာ ကောင်းမွန်စေသည့် ချောကလက်မုန့်အဖြစ်သာ အထူးစီမံပြုလုပ်ထားခြင်းဖြစ်သည်။

ယင်းချောကလက်တွင် ပါရှိသောပစ္စည်းများမှာ ဗင်နီဇွဲလားနိုင်ငံ သူရာအို ဒေသမှထွက်ရှိသော နို့မုန့်နှင့် ဒိန်ခဲများ၊ ဂျုံမှုန့်များကို အသုံးပြုထားခြင်းဖြစ် သည်။ **(အင်တာနက်)**

ကမ္ဘာပေါ်၌ လူဦးရေအများဆုံး မုတ်ဆိတ်နှင့် ပါးသိုင်းမွေးစုပေါင်းရိတ်မှု စံချိန်တင်

အေသင် ဧပြီ ၁၀

ဂရိနိုင်ငံ အေသင်မြို့တွင် ဧပြီ ၈ ရက်က အမျိုးသားများ တူညီဝတ်စုံ ဝတ်ဆင်ကာ ပါးသိုင်းမွေးနှင့် မုတ်ဆိတ်မွေးများ စုပေါင်းရိတ်ပွဲကျင်းပခဲ့ရာ ကမ္ဘာပေါ်တွင် လူဦးရေအများဆုံး ပါးသိုင်းမွေးနှင့် မုတ်ဆိတ်မွေးရိတ်ကြသူများအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။ ဂရိနိုင်ငံသား ၂၁၅၀ တို့ စုပေါင်းပြီး အေသင်မြို့ရှိ မက်ဆိုတစ် အမည်ရှိ စူပါမားကတ်၏ခန်းမဆောင် အသစ်ကြီးတွင် တစ်ပြိုင်တည်းမုတ်ဆိတ် နှင့် ပါးသိုင်းမွေးတို့ ကိုယ်တိုင်ရိတ်ကြ ခြင်းဖြစ်သည်။ **(ယာပုံ)**

အဆိုပါ စုပေါင်းမုတ်ဆိတ်နှင့် ပါးသိုင်းမွေးရိတ်ပွဲကို ဂီလ်လက်တီကုမ္ပဏီ က စပွန်ဆာပေးပြီး အကောင်အထည် ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ၎င်းပွဲသို့ လွတ်လပ်သော စောင့်ကြည့်လေ့လာရေး အဖွဲ့တစ်ဖွဲ့ကလည်း လာရောက်ကြည့်ရှု လေ့လာခဲ့သည်။ ယခင်က ဂင်းနက်စ်စံချိန်တင်ထားခဲ့သည့် မုတ်ဆိတ်နှင့်ပါးသိုင်းမွေး စုပေါင်းရိတ်သူဦးရေမှာ ၁၈၆၈ ဦးဖြစ်ပြီး အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့၌ ၂၀၀၉ ခုနှစ်က ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**



ကမ္ဘာ့အကြီးဆုံးဇိမ်ခံမော်တော်ကား

နယူးယောက် ဧပြီ ၁၀

ကမ္ဘာပေါ်၌ အကြီးဆုံး ဇိမ်ခံမော်တော်ကားကြီးတစ်စီးအဖြစ် Midnight Rider ဟု အမည်ပေးထားသောကားက ဂင်းနက်စ် မှတ်တမ်းတင်နိုင်ခဲ့ကြောင်း ဧပြီ ၈ ရက်တွင် သတင်း ထုတ်ပြန်သည်။ **(ဝဲပုံ)**

အဆိုပါ ဇိမ်ခံမော်တော်ကားကို အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်သား နှစ်ဦးဖြစ်သော မိုက်ကယ်မာချာဒိုနှင့် ပါမီလာ ဘာသိုလီမူးတို့က တီထွင်ထုတ်လုပ်ခဲ့ခြင်းဖြစ်သည်။ ယင်းကားပုံစံ ကိုလည်း ၎င်းတို့နှစ်ဦးကပင် ဒီဇိုင်းထုတ်လုပ်ခဲ့ခြင်းဖြစ်သည်။

၎င်းဇိမ်ခံကားကြီးသည် အရှည် ပေ ၇၀ နှင့် အမြင့်မှာ ၁၃ ပေ ၈ လက်မရှိပြီး ကား၏အလေးချိန်မှာ ၅၀၅၆၀ ပေါင်ရှိ ကြောင်းသိရသည်။ ကားဘီး ၁၂ ခုပါရှိပြီး ကားပေါ်၌ လေအေး စက်ပါရှိသော အိပ်ခန်း၊ စားသောက်ခန်း၊ မီနီဘားတစ်ခုနှင့် ဖျော်ဖြေ ရေးအခန်းငယ်တစ်ခုတို့ ပါဝင်ဖွဲ့စည်းထားကြောင်း သတင်း၌ ဖော်ပြသည်။ **(အင်တာနက်)**

တိုင်းရင်းငါးမျိုးများ မျိုးသုဉ်းမပျောက်ကွယ်စေရေးအလေးထား
သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ရေရှည်လုပ်ငန်းအဖြစ်ဆောင်ရွက်

သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွက် စီမံကိန်းတာဝန်ပေးအပ်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဧပြီ ၁၀

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနအနေဖြင့် သားငါးကဏ္ဍအလိုက် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် မူဝါဒ(၈)ချက်၊ ရည်မှန်းချက်(၅)ချက်၊ လုပ်ငန်းစဉ်(၁၅)ချက် ချမှတ်ထားရှိကြောင်း၊ ဦးစီးဌာန/လုပ်ငန်းများအနေဖြင့် စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မိမိတို့ဝန်ကြီးဌာနနှင့် ဆက်စပ်၍ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ ပြည်တွင်းပြည်ပ ဖက်စပ်လုပ်ငန်းများ၊ ပုဂ္ဂလိကလုပ်ငန်းများ၊ သမဝါယမလုပ်ငန်းများနှင့် ပူးပေါင်းဆောင်ရွက်ကာ စီမံကိန်းရည်မှန်းချက်များ အောင်မြင်ရေးနှင့် ရည်မှန်းထားသည်ထက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန် စိတ်ကောင်းစေတနာဖြင့် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

မှာကြား

သဘာဝပတ်ဝန်းကျင်ပြောင်းလဲမှုနှင့် ရာသီဥတုပြောင်းလဲမှုများကိုလည်းကောင်း၊ မမျှော်မှန်းနိုင်သောဖြစ်စဉ်များကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရေးအတွက်လည်းကောင်း သတင်းဆက်မပြတ်ရယူကာ ဆောင်ရွက်ရန် အရေးကြီးပါကြောင်း၊ မြန်မာ့ကမ်းရိုးတန်း အရှည်မိုင်(၁၇၆၀)နှင့် ကုန်းတွင်းမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တိုင်းရင်းငါးမျိုးများ မျိုးသုဉ်းမပျောက်ကွယ်စေရေး၊ သဘာဝရေပြင်များ၌ ငါးဖမ်းဆီးခြင်းများ လွန်ကဲမှု မဖြစ်ပေါ်စေရေး၊ ဂေဟစနစ် မပျက်စီးစေရေးတို့အတွက်

မြန်မာ့ရေသယံဇာတများနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့ကို ရေရှည်လုပ်ငန်းစဉ်များအဖြစ် အလေးထားဆောင်ရွက်သွားရမည်ဖြစ်ကြောင်းဖြင့် ယနေ့နံနက် ၁၀ နာရီတွင် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွက် စီမံကိန်းတာဝန်ပေးအပ်ပွဲ အခမ်းအနားတွင် သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွက် စီမံကိန်းတာဝန်များကို ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတကာအားကစား

ချယ်လ်ဆီးတို့အဝေးကွင်း၌ သရေပွဲကြုံ ဗီလာတို့လည်း တစ်မှတ်စီခွဲယူခဲ့ရ

မောင်မောင်မြင့်ဆွေ - ရေးသားသည်

လန်ဒန် ဧပြီ ၁၀

ပရီမီယာလိဂ်ပွဲစဉ်(၃၃)ကို ဧပြီ ၁၀ ရက် နံနက်က ဆက်လက်ယှဉ်ပြိုင်ကစားရာ ဖူလ်ဟမ်နှင့် ချယ်လ်ဆီးတို့ပွဲ**(အောက်ဝဲပုံ)**တွင် တစ်ဖက်တစ်ဂိုးစီ သရေပွဲဖြစ်ခဲ့သဖြင့် ချယ်လ်ဆီးတို့ အဖိုးတန်အမှတ်နှစ်မှတ် ဆုံးရှုံးခဲ့ရသည်။

အဖွင့်ဂိုး

ချယ်လ်ဆီးတို့အဝေးကွင်း၌ ကစားရပြီး ပုံမှန်ခြေစွမ်းမပြနိုင်ဘဲဖြစ်နေရာ ဖူလ်ဟမ်တို့ကလည်း ချယ်လ်ဆီးတို့၏ ထိုးဖောက်တိုက်စစ်ဆင်မှုကို ဟန့်တားနိုင်ခဲ့သည်။ ချယ်လ်ဆီးအတွက် အဖွင့်ဂိုးကို ပထမပိုင်း ပွဲချိန်ပြည့်ခါနီး ၄၅ မိနစ်၌ ပယ်နယ်တီမှတစ်ဆင့် လမ်းပတ်က ကန်သွင်းယူခဲ့ခြင်းဖြစ်သည်။

ဖူလ်ဟမ်တို့ ချေပဂိုးရရှိရေးကြိုးစားခဲ့ရာ ပွဲချိန် ၈၂ မိနစ်၌ ဒမ်ပဆေးက ချေပဂိုးသွင်းယူနိုင်ခဲ့သဖြင့် တစ်ဂိုးစီသရေပွဲဖြစ်ခဲ့ပြီး တစ်မှတ်စီခွဲယူခဲ့ကြရသည်။ တစ်ဖန် ဗီလာနှင့်စတုတ်တို့ပွဲတွင် တစ်ဂိုးစီ သရေပွဲဖြစ်ခဲ့သည်။ အိမ်ရှင်ဗီလာအတွက် ၃၂ မိနစ်၌ ဝီမန်းက သွင်းယူပေးပြီး စတုတ်အတွက် ချေပဂိုးကို ဟုသ်က ပွဲချိန် ၇၁ မိနစ်၌ သွင်းယူပေးခဲ့သည်။ **(အင်တာနက်)**

ဟောလိဝုဒ်ရုပ်ရှင်မင်းသမီး အမင်ဒါဘိုင်နက်စ် မူးယစ်ပြီး ကားမောင်းသဖြင့် ဖမ်းဆီးခံရ

လော့စ်အိန်ဂျလိစ် ဧပြီ ၁၀

ဟောလိဝုဒ်ရုပ်ရှင်မင်းသမီး အမင်ဒါဘိုင်နက်စ်သည် လော့စ်အိန်ဂျလိစ်မြို့၌ ဧပြီ ၉ ရက် နံနက်က အရက်သောက်ပြီး ကားမောင်းခဲ့ရာ လော့စ်အိန်ဂျလိစ်မြို့ လုံခြုံရေးကင်းလှည့်ကားတစ်စီးကို ဝင်တိုက်မိခဲ့သဖြင့် ဖမ်းဆီးခံခဲ့ရကြောင်း ဧပြီ ၁၀ ရက်၌ သတင်းထုတ်ပြန်သည်။

အသက် ၂၆ နှစ်အရွယ်ရှိ ရုပ်ရှင်မင်းသမီး အမင်ဒါဘိုင်နက်စ်**(အပေါ်ယာပုံ)**သည် ယင်းနေ့ နံနက် ၃ နာရီခန့်က သူမ၏ ဘီအမ်ဒဗလျူ အနက်ရောင်ကားက လုံခြုံရေးကင်းလှည့်ကားကို ဝင်တိုက်မိရာမှ ***စာမျက်နှာ ၁၁ ကော်လံ ၁*** ✻

ကျန်းမာရေးသုတ

ကိုသစ္စာ ရေးသားသည်

ရေနွေးကြမ်းသောက်ပြီး ကိုယ်လက်လေ့ကျင့်ခန်းပြုလုပ်လျှင် အရေပြားကင်ဆာဖြစ်ပွားမှုဟန့်တားနိုင်

ဝါရှင်တန် ဧပြီ ၁၀

*ရေနွေးကြမ်းသောက်ပြီး ကိုယ်လက်လေ့ကျင့်ခန်း မှန်မှန်ပြုလုပ်ပါက **(ယာပုံ)** အရေပြားကင်ဆာဖြစ်ပွားမှုကို ကာကွယ်ပေးနိုင်ကြောင်း အမေရိကန်သုတေသနပညာရှင်များက ဧပြီ ၁၀ ရက်၌ ထုတ်ဖော်ပြောကြားသည်။*

ရေနွေးကြမ်းတွင် ထည့်သောက်ရသော လက်ဖက်ခြောက်၌ ကဖိန်းဓာတ်သည် အရေပြားတွင်ဖြစ်ပွားလေ့ရှိသည့် ကင်ဆာဆဲလ်များကို တိုက်ဖျက်နိုင်စွမ်းရှိပြီး ကိုယ်လက်လှုပ်ရှားမှု ***စာမျက်နှာ ၆ ကော်လံ ၅*** ◆

နိုင်ငံတကာသတင်း

၂၀၂၂ ခုနှစ်၌ အင်ဒိုနီးရှားနိုင်ငံတစ်ဝန်း ကျည်ဆန်ရထားများ ပြေးဆွဲမည်

မိုးမြင့်လင်းလက် - ရေးသားသည်

ဂျကာတာ ဧပြီ ၁၀

အင်ဒိုနီးရှားနိုင်ငံတွင် လာမည့် ၂၀၂၂ ခုနှစ်၌ ကျည်ဆန်ရထားများ **(ယာပုံ)** ပြေးဆွဲနိုင်ရန် အမြန်ရထားလမ်း ဖောက်လုပ်တည်ဆောက်နေပြီဖြစ်ကြောင်း အင်ဒိုနီးရှားအရာရှိများက ဧပြီ ၁၀ ရက်တွင် ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံမြောက်ပိုင်း ကမ်းရိုးတန်းတစ်လျှောက် ကျည်ဆန်ရထားလမ်းဖောက်လုပ်မှုမှာ လာမည့် ၂၀၁၄ ခုနှစ်တွင် ပြီးစီးမည်ဖြစ်သည်။ ထိုသို့ ရထားလမ်းများ ဖောက်လုပ်တည်ဆောက်ရာတွင် ဂျပန်နိုင်ငံမှ ကျည်ဆန်ရထားလမ်း၏ စံချိန်စံညွှန်းအတိုင်း တည်ဆောက်ခြင်းဖြစ်သည်။

ဂျပန်နိုင်ငံတစ်ဝန်းပြေးဆွဲနေသော ကျည်ဆန်ရထားလမ်းကွန်ရက်အတိုင်း အင်ဒိုနီးရှားနိုင်ငံတစ်ဝန်း စီးပွားရေးအချက်အချာကျသော မြို့ကြီးများကို ဖြတ်သန်းကာ ကျည်ဆန်ရထားလမ်းကွန်ရက် ဖောက်လုပ်လျက်ရှိကြောင်း အင်ဒိုနီးရှားပို့ဆောင်ရေး ဒုတိယဝန်ကြီး ဘမ်ဘန်းဆူဆန်တိုနိုက ပြောကြားသည်။ ထိုသို့ ကျည်ဆန်ရထားလမ်းစီမံကိန်းဖောက်လုပ်ရာတွင် ကုန်ကျငွေမှာ အမေရိကန်ဒေါ်လာ ၂၅ ဒသမ ၇၉ ဘီလီယံခန့်ရှိမည်ဖြစ်သည်။ အဆိုပါကုန်ကျငွေကို အစိုးရနှင့်ပုဂ္ဂလိကလုပ်ငန်းတစ်ခုတို့က ပူးတွဲကုန်ကျခံတည်ဆောက်ခြင်းဖြစ်သည်။ **(အင်တာနက်)**

မြန်မာ့အလင်း ယနေ့ ပတ်စရာ၊ မှတ်စရာ

အမေရိကန်အမျိုးသားတစ်ဦး၏နှလုံး၌ လေးလက်မအရှည်ရှိ အိမ်ရိုက်သံ စိုက်ဝင်မှု ခွဲစိတ်ဖယ်ရှားနိုင် စာ-၄

ကမ္ဘာ့သစ်ပင်နှင့် တိရစ္ဆာန်မျိုးစိတ်များ မျိုးသုဉ်းပျောက်ကွယ်မှုနှင့် ရင်ဆိုင်နေရပြီ စာ-၅

မန္တလေး မဟာသင်္ကြန် ရေသဘင်ပွဲ ပါဝင်ဆင်နွှဲရန် ပြင်ဆင်နေကြပြီ စာ-၇

ဂိုး(၆၀) သွင်းထားသော မက်ဆီ ဥရောပ ဂိုးသွင်းစံချိန်တင်မည် စာ-၁၁